အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏
၁၂ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြုစုထုတ်ဝေသည်




အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## Anti - Corruption Newsletter

***Vol: 3, March 2026***



ပီရူးသမ္မတကို ရာထူးမှ ဖယ်ရှား




တရုတ်စားသောက်ဆိုင် မန်နေဂျာအား ICAC တရားစွဲ

ဟန်နိုင်း ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး



အဂတိလိုက်စားမှုနှင့်ဆိုက်ဘာမှုခင်းများကို
အတူတကွကိုင်တွယ်ဖြေရှင်းရမည်




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏
၁၂ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြုစုထုတ်ဝေသည်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ကျောင်းဝင်ခွင့်ရရှိရေးအတွက် PolyU SPEED မှ ကတိက ဆရာအား လာဘ်ပေးရန် ကြိုးပမ်းခဲ့မှုဖြင့် ICAC မှ တရားစွဲဆိုခဲ့သည့် စီးပွားရေး လုပ်ငန်းရှင်တစ်ဦးအား ထောင်ဒဏ် ၆ လ ချမှတ် | ၁ | ၄ |
| ၂ | စစ်တမ်းတစ်ခုတွင် ဖော်ပြထားသော ရလဒ်အရ ဒီမိုကရေစီ နိုင်ငံများ ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များ ကျဆင်းလာခြင်းကြောင့် အမေရိကန်အပေါ် စိုးရိမ်မှုမြင့်တက်စေ | ၅ | ၉ |
| ၃ | နေတိုး (NATO) နှင့် အမေရိကန်စစ်ဘက်ဆိုင်ရာ ကန်ထရိုက် လုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူမှုဖြင့် တူရကီ နိုင်ငံသား တစ်ဦးနှင့် ဂျာမနီနိုင်ငံသားတစ်ဦးအား တရားစွဲဆို | ၁၀ | ၁၃ |
| ၄ | အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖြိုခွင်းရန်အတွက် အဂတိ လိုက်စားမှု ၊ ဆိုက်ဘာမှုခင်းနှင့် ဂိုဏ်းဖွဲ့ကျူးလွန်မှုများကို အတူ တကွ ကိုင်တွယ်ဖြေရှင်းရမည် | ၁၄ | ၁၉ |
| ၅ | အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ပီရူးယာယီ သမ္မတကို လွှတ်တော်က ရာထူးမှ ဖယ်ရှား | ၂၀ | ၂၂ |
| ၆ | အဂတိလိုက်စားမှုဆိုင်ရာ ရမှတ် ၁၉ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားပြီးနောက် ထိုင်းနိုင်ငံ ကျရှုံးသွားကြောင်း ဝန်ကြီးချုပ် Anutin Charnvirakul ပြောကြား | ၂၃ | ၂၅ |
| ၇ | မီးဖိုချောင်သုံး ပစ္စည်းတင်သွင်းရောင်းချသူက အော်ဒါရရှိရေးအတွက် တရုတ်စားသောက်ဆိုင် မန်နေဂျာအားရာခိုင်နှုန်းပေး လာဘ်ထိုးမှုဖြင့် ICAC တရားစွဲ | ၂၆ | ၂၇ |
| ၈ | ၂၀၂၆ ခုနှစ် ဟန္တိုင်းမြို့တော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အတွက် ကနဦးခြေလှမ်းများ | ၂၈ | ၃၂ |
| ၉ | တူရကီနှင့် ကေးကိုစ့်ဝန်ကြီးချုပ်ဟောင်းနှင့် အပေါင်းအပါ နှစ်ဦးတို့ အဂတိလိုက်စားမှုဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ် | ၃၃ | ၃၄ |

| | | | |
|---|---|---|---|
| ၁၀ | ဆယ်စုနှစ်များအတွင်း ပျမ်းမျှရမှတ် အနည်းဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့က ထုတ်ပြန် | ၃၅ | ၃၈ |
| ၁၁ | မလေးရှားနိုင်ငံ၏ အဆင့်မြင့် စစ်ဘက်ဆိုင်ရာ ဗိုလ်ချုပ်ကြီးဟောင်း (၂) ဦးကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုမည် | ၃၉ | ၄၂ |
| ၁၂ | အစိုးရအတွင်း အကျင့်ပျက်ခြစားမှုများကြောင့် တောင်ဆူဒန်တွင် လူ့အခွင့်အရေး အကျပ်အတည်းဖြစ်ပွားနေကြောင်း လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် ထုတ်ဖော် | ၄၃ | ၄၅ |
| ၁၃ | UNODC ၏ ပူးပေါင်းကူညီမှုဖြင့် မွန်တီနီဂရိုနိုင်ငံ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လုပ်ဆောင်ချက် အစီအစဉ်သစ် ပြင်ဆင်ပြီးစီး | ၄၆ | ၄၈ |
| ၁၄ | ယူကရိန်းနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဟောင်း နိုင်ငံမှထွက်ခွာရန် ကြိုးစားစဉ် ဖမ်းဆီးခံခဲ့ရ | ၄၉ | ၅၂ |
| ၁၅ | ဆားဘီးယားတွင် ထောင်နှင့်ချီသည့် ကျောင်းသားများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စုဝေးဆန္ဒပြကြခြင်း | ၅၃ | ၅၆ |
| ၁၆ | ယူကရိန်းဝန်ကြီးဟောင်းတစ်ဦး နိုင်ငံမှထွက်ခွာရန်ကြိုးပမ်းနေစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်များက ဖမ်းဆီး | ၅၇ | ၅၈ |
| ၁၇ | မလေးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက် | ၅၉ | ၆၂ |
| ၁၈ | တရုတ်ဘောလုံးလောကအတွင်း အဂတိလိုက်စားမှုများကြောင့် လူပေါင်း ၇၃ ဦးအား ဘောလုံးလောကမှ တစ်သက်တာပိတ်ပင်၊ ထိပ်တန်း ကလပ်အသင်းများကိုလည်း အရေးယူ | ၆၃ | ၆၆ |



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
# နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ
# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်

**(၂၀၂၅ ခုနှစ်၊ ၂၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းမှ)**

"အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည် လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှု ရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့လိုအပ်ပါတယ်။"

"မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ပါသည်။
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုနိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း သို့ ဝင်ရောက်ခဲ့ပါသည်။
၇-၈-၂၀၁၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။
၂၅-၂-၂၀၁၄ ရက်နေ့တွင် ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၀-၃-၂၀၁၄ ရက်နေ့တွင် ကော်မရှင်ရုံးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။"

"၁၀-၃-၂၀၂၆ ရက်နေ့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၁၂ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်"

ကော်မရှင်၏အနာဂတ်မျှော်မှန်းချက်
"နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်"

သတင်းလွှာရယူရန်...
https://www.accm.gov.mm/acc/index.php?route=product/category&path=64

**“ကျောင်းဝင်ခွင့်ရရှိရေးအတွက် PolyU SPEED မှ ကထိကဆရာအား လာဘ်ပေးရန် ကြိုးပမ်းခဲ့မှုဖြင့် ICAC မှ တရားစွဲဆိုခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား ထောင်ဒဏ် ၆ လ ချမှတ်”**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသရှိ ဟောင်ကောင်ပိုလီနည်းပညာတက္ကသိုလ် (PolyU) ၏ ပရော်ဖက်ရှင်နယ် ပညာရေးနှင့် အမှုဆောင်ဖွံ့ဖြိုးတိုးတက်ရေးကျောင်း (PolyU SPEED) မှ ကထိကတစ်ဦးအား လာဘ်ငွေ ဟောင်ကောင်ဒေါ်လာ ၅၀,၀၀၀ ပေးအပ်ခဲ့မှုဖြင့် တရားစွဲဆို ခံထားရသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား အနောက် Kowloon တရားရုံးက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ထောင်ဒဏ် ခြောက်လ ချမှတ်လိုက်သည်။ အဆိုပါ စီးပွားလုပ်ငန်းရှင်သည် အဆင့်မြင့်ဒီဂရီသင်တန်း (top-up degree) သို့ ဝင်ခွင့်ရရှိလိုသည့် ရည်ရွယ်ချက်ဖြင့် ကထိကအား လာဘ်ထိုးခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကမ်းလှမ်းမှုကို ကထိကက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကန်ကျီ (Kang Jie) သည် အကျင့်ပျက်ခြစားမှု တားဆီးနှိမ်နှင်းရေး ဥပဒေ ပုဒ်မ၉(၂)(က)အရ ကိုယ်စားလှယ်တစ်ဦးအား အကျိုးအမြတ် ကမ်းလှမ်းမှု ဆိုင်ရာစွဲချက်အပေါ် အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီး တရားသူကြီး မစ္စဗီဗီယန် ဟိုဝေ့ဟန် (Ms Vivian Ho Wai-han) က အဆိုပါအမှုသည် ဆိုးရွားလှပြီး တရားခံ၏ လုပ်ရပ်သည် ဟောင်ကောင်၏ တရားဥပဒေ စိုးမိုးမှု၊ တရားမျှတမှုနှင့် ဂုဏ်သိက္ခာကို ထိပါးစေကြောင်း စီရင်ချက်ချရာတွင် မှတ်ချက်ပြုကာ လာဘ်ငွေ ဟောင်ကောင်ဒေါ်လာ ၅၀,၀၀၀ ကိုလည်း သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။

PolyU SPEED သည် ပိုလီယူ၏ ပရော်ဖက်ရှင်နယ်နှင့် စဉ်ဆက်မပြတ်ပညာရေးကောလိပ် လက်အောက်ရှိ ကျောင်းတစ်ကျောင်းဖြစ်ပြီး


ကိုယ်ပိုင်ငွေကြေးဖြင့် ဆက်စပ်ဘွဲ့အစီအစဉ် အမျိုးမျိုးကို သင်ကြား ပေးလျက်ရှိသည်။ သင်တန်းလျှောက်ထားသူများသည် သက်ဆိုင်ရာ ပညာအရည်အချင်းများနှင့် အင်္ဂလိပ်စာအရည်အချင်း ပြည့်မီရန်လိုအပ်ပြီး သက်ဆိုင်ရာ အင်္ဂလိပ်စာအရည်အချင်း မရှိသော လျှောက်ထားသူများ အနေဖြင့် အင်္ဂလိပ်ဘာသာစကား အရည်အချင်းစစ် အင်တာဗျူးကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက အင်္ဂလိပ်စာအရည်အချင်း ပြည့်မီ သည်ဟု ယူဆသည်။

တရားရုံးတွင် စစ်ဆေးတွေ့ရှိချက်များအရ တရားခံသည် PolyU SPEED ၏ ဘွဲ့အစီအစဉ်တစ်ခုသို့ ဝင်ခွင့်လျှောက်ထားရန် ရည်ရွယ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လနှောင်းပိုင်းနှင့် အောက်တိုဘာလနှောင်းပိုင်းတွင် ပြုလုပ် ခဲ့သော အင်္ဂလိပ်စာ အရည်အချင်းစစ် အင်တာဗျူးကို ဖြေဆိုခဲ့သော်လည်း နှစ်ကြိမ်စလုံး ကျရှုံးခဲ့သည့်အတွက် အင်တာဗျူးတွင် ပါဝင်ဆောင်ရွက် ခဲ့သည့် ကထိကတစ်ဦးထံသို့ မိုဘိုင်းဖုန်းမက်ဆေ့ချ်များစွာ ပေးပို့ခဲ့သလို ကျောင်းဝင်းအနီးတွင် ကထိကအား စောင့်ဆိုင်းကာ သင်တန်းဝင်ခွင့် အတွက် အကူအညီပေးရန်လည်း တောင်းဆိုခဲ့မှုအပေါ် ကထိကက ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက် ညနေပိုင်းတွင် တရားခံသည် အလုပ်ဆင်းချိန်၌ ကထိက၏ ဂျာကင်အင်္ကျီအိတ်ကပ်ထဲသို့ စုစုပေါင်း တန်ဖိုး ဟောင်ကောင်ဒေါ်လာ ၅၀,၀၀၀ ရှိသော ငွေစက္ကူအထပ်လိုက်ကို တွန်းထည့်ခဲ့ပြီး ၎င်း၏ သင်တန်းလျှောက်လွှာကို လက်ခံပေးရန် တောင်းဆို ခဲ့သည်။ ကထိကက လာဘ်ပေးခြင်းသည် တရားမဝင်ကြောင်း ငြင်းဆိုကာ တရားခံအား ဥပဒေမချိုးဖောက်ရန် သတိပေးခဲ့ပြီးနောက် တရားခံသည် ထွက်ပြေးသွားခဲ့သည်။ ကထိကက ထိုကိစ္စကို ချက်ချင်း ၎င်း၏ အထက် အရာရှိထံ တင်ပြခဲ့ပြီး နောက်တစ်နေ့ နံနက်တွင် တရားမဝင် လာဘ်ငွေ ကိုင်တွယ်မှုတိုက်ဖျက်ရေးကော်မရှင် (ICAC) သို့ တိုင်ကြားခဲ့သည်။

အဆိုပါအမှုကို စုံစမ်းစစ်ဆေးစဉ်အတွင်း ပိုလီယူသည် ICAC အား အပြည့်အဝ ပံ့ပိုးကူညီမှု ပေးအပ်ခဲ့သည်။

အစိုးရရှေ့နေချုပ် မစ္စတာ တီမိုသီချန် (Timothy Chen) က အစိုးရရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ပြီး ICAC အရာရှိ မစ္စတာ ကေဒင်ရွမ် (Kayden Yuen) ၏ ပံ့ပိုးမှုဖြင့် တရားစွဲဆိုခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။


香港特別行政區 廉政公署
Independent Commission Against Corruption Hong Kong Special Administrative Region

Report Corruption Hotline: 25 266 366

About ICAC | ICAC Highlights | Press Releases | International Perspective | Report Corruption | Law Enforcement | Prevention & Education | Contact Us

Press Releases

Press Releases › Press Releases

## Press Releases

**Six months' jail for businessman charged by ICAC for offering bribe to PolyU SPEED's lecturer over admission**

2026-1-28


A businessman, charged by the ICAC, was today (January 28) sentenced to six months' imprisonment at the West Kowloon Magistrates' Courts after pleading guilty to having offered a bribe of $50,000 to a senior lecturer of the Hong Kong Polytechnic University's (PolyU) School of Professional Education and Executive Development (PolyU SPEED) in a bid to secure a top-up degree programme admission. The offer was turned down by the senior lecturer.

Kang Jie, 39, businessman, pleaded guilty to one count of offering an advantage to an agent, contrary to section 9(2)(a) of the Prevention of Bribery Ordinance.

In sentencing, Magistrate Ms Vivian Ho Wai-han remarked that the case was serious in nature, adding that what the defendant did had undermined the rule of law, fairness and reputation of Hong Kong. The magistrate also made a confiscation order against the $50,000-bribe in the present case.

ပညာရေးနယ်ပယ်တွင် ဖြောင့်မတ်တည်ကြည်မှု ရှိခြင်းသည် ဟောင်ကောင်၏ အဆင့်မြင့်ပညာရေး နိုင်ငံတကာအချက်အချာအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ဖြစ်သည်။ လျှောက်ထားသူများ အနေဖြင့် ၎င်းတို့၏ အကူအညီ သို့မဟုတ် မျက်နှာသာပေးမှုများအတွက် လဲလှယ်ရန် ပညာရေးအဖွဲ့အစည်းများ၏ ဝန်ထမ်းများအား လာဘ်ငွေများ မကမ်းလှမ်းရန် သတိပေးအပ်ပါသည်။ ပညာရေးကဏ္ဍ၏ သမာဓိကို ထိပါးစေမည့် မည်သည့်လုပ်ရပ်ကိုမဆို ICAC က သည်းမခံဘဲ ထိုသို့သော

လုပ်ရပ်များ တွေ့ရှိပါက ကော်မရှင်သည် ၎င်းတို့အား အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြတ်သားသော ဥပဒေအရ အရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။




ဘာသာပြန်သူ

ဒေါ်စုမြတ်နိုင်

လက်ထောက်ညွှန်ကြားရေးမှူး

Source - https://www.icac.org.hk/en/p/press/index_id_2241.html

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

# "စစ်တမ်းတစ်ခုတွင် ဖော်ပြထားသော ရလဒ်အရ ဒီမိုကရေစီနိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များ ကျဆင်းလာခြင်းကြောင့် အမေရိကန်အပေါ် စိုးရိမ်မှုမြင့်တက်စေ"

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော ကမ္ဘာတစ်ဝှမ်း၌ အဂတိလိုက်စားမှုကို တိုင်းတာသည့် စစ်တမ်းတစ်ခုအရ ဒီမိုကရေစီ နိုင်ငံများ၏ အစိုးရကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ အားနည်းလာကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားပါသည်။ ယင်း စစ်တမ်းက အမေရိကန် ပြည်ထောင်စု၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အမေရိကန်၏ ရန်ပုံငွေလျှော့ချမှုများသည် အခြားကဏ္ဍများအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်မှုမြင့်တက်လာစေခဲ့ပါသည်။

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International - TI) ၏ ၂၀၂၅ ခုနှစ် အတွက် ထုတ်ပြန်သော အဂတိလိုက်စားမှု အညွှန်းကိန်း (Corruption Perception Index-CPI) တွင် ဒိန်းမတ် နိုင်ငံသည် ရမှတ် ၁၀၀ တွင် ၈၉ မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး၊ ဖင်လန်နိုင်ငံသည် ဒုတိယနေရာ၌လည်းကောင်း၊ စင်ကာပူနိုင်ငံသည် တတိယနေရာ၌လည်းကောင်း တည်ရှိနေပါသည်။ အောက်ဆုံးတွင် တောင်ဆူဒန်နိုင်ငံနှင့် ဆိုမာလီယာနိုင်ငံတို့က ၉ မှတ်စီဖြင့် ရပ်တည်နေပြီး ဗင်နီဇွဲလားနိုင်ငံက ၎င်းတို့အထက်တွင် တည်ရှိပါသည်။ ထိပ်ဆုံး သုံးနိုင်ငံမှာ အပြောင်းအလဲမရှိဘဲ၊ အမှတ်အနိမ့်ဆုံး ၃ နိုင်ငံတွင်လည်း တောင်ဆူဒန်က တစ်မှတ်တိုးလာသဖြင့် ဆိုမာလီယာနှင့် အမှတ်တူ သွားခြင်းသာ ကွဲပြားမှုရှိပါသည်။

ဒီမိုကရေစီစနစ်ကျင့်သုံးမှုလျော့ကျလာကာ နိုင်ငံအများစု ကျရှုံးမှုနှင့် ရင်ဆိုင်နေရပြီး စစ်တမ်းကောက်ယူခဲ့သည့် ၁၈၂ နိုင်ငံအနက် ၁၂၂ နိုင်ငံမှာ ၅၀ မှတ်အောက်သာ ရရှိသဖြင့် နိုင်ငံအများစုမှာ အဂတိလိုက်စားမှုကို ထိန်းချုပ်ရန် ပျက်ကွက်နေကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်၏ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှရမှတ်မှာ ၄၂ မှတ်ဖြစ်ပြီး ဆယ်စုနှစ်ကျော်အတွင်း ယခုနှစ်တွင် တစ်မှတ်လျော့ ကျသွားပြီး အနိမ့်ဆုံး ဖြစ်နေပါသည်။ လွန်ခဲ့သော ၁၀ နှစ်များ၌ ရမှတ် ၈၀ အထက်ရရှိသော နိုင်ငံ ၁၂ ခု ရှိခဲ့ရာမှ ၂၀၂၅ အစီရင်ခံစာတွင် နိုင်ငံ ၅ ခုသာရှိပြီး လျော့ကျ သွားခြင်းဖြစ်သည်။

အစီရင်ခံစာတွင် "ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ခေါင်းဆောင်မှု ပျက်ကွက်နေသည်ကို မကြာခဏတွေ့မြင် နေရသည်။" ဟု ပြစ်တင်ဝေဖန်ထားသည်။

ထို့ပြင် ဒီမိုကရေစီနိုင်ငံများ၌ အဂတိလိုက်စားမှု ပိုမိုဆိုးရွား လာသည်ဟု ရှုမြင်ခံရသည့် စိုးရိမ်ဖွယ်ရာ အလားအလာကိုလည်း ထောက်ပြထားသည်။

ယင်းနိုင်ငံများထဲတွင် ရမှတ်မြင့်မားသော နယူးဇီလန်နိုင်ငံသည် ၂ မှတ်လျော့နည်းပြီး ၈၁ မှတ်ဖြင့် လည်းကောင်း၊ ဆွီဒင်နိုင်ငံသည် အမှတ် ပြောင်းလဲမှုမရှိဘဲ ၈၀ မှတ်ဖြင့်လည်းကောင်း၊ ကနေဒါနိုင်ငံ သည် ၇၅ မှတ် ဖြင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံသည် ၇၀ မှတ်ဖြင့်လည်းကောင်း၊ ပြင်သစ် နိုင်ငံသည် ၆၆ မှတ်ဖြင့်လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုသည် ၆၄ မှတ်ဖြင့်လည်းကောင်း အသီးသီး ရရှိကြပါသည်။

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့က ၂၀၁၂ ခုနှစ်တွင် စတင် ခဲ့သော ကမ္ဘာလုံးဆိုင်ရာအဆင့် သတ်မှတ်ချက်ထက် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် တစ်မှတ်လျော့ကျသွားပြီး အဂတိလိုက်စားမှု အညွှန်းကိန်း တိုင်းတာမှုစနစ်အောက်တွင် အနိမ့်ဆုံးရမှတ်သို့ ရောက်ရှိသွား ပါသည်။ ယင်းမှာ သမ္မတ ဒေါ်နယ်ထရန့်၏ ဒုတိယ သက်တမ်း ပထမ နှစ်တွင် အဆင့် ၂၉ သို့ ရောက်ရှိသွားခြင်းလည်း ဖြစ်ပါသည်။

"၂၀၂၅ ခုနှစ်အတွင်း အချက်အလက်များအရ ဖွံ့ဖြိုးတိုးတက်မှု အပေါ် ထင်ဟပ်ခြင်း မရှိသော်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် သတင်းထောက်များကဲ့သို့သော လွတ်လပ်သော အသံများကို

ပစ်မှတ်ထား ကန့်သတ်ရန် အစိုးရအာဏာကို အသုံးပြုခြင်း၊ အကျိုးစီးပွား ပဋိပက္ခဖြစ်ပွားနိုင်သည့် နိုင်ငံရေးလုပ်ရပ်များအား ပုံမှန်လို သဘောထား လာခြင်း၊ တရားစွဲဆိုရေး ဆုံးဖြတ်ချက်များ၌ နိုင်ငံရေး သွတ်သွင်းမှုနှင့် တရားစီရင်ရေး လွတ်လပ်မှုကို ထိပါးသော အဂတိလိုက်စားသည့် လုပ်ရပ် များကို လက်ခံနိုင်ကြောင်း အန္တရာယ်ရှိသော အချက်ပြမှုကို ဖော်ပြနေ ပါသည်။" ဟု အစီရင်ခံစာက ဆိုပါသည်။

နိုင်ငံခြားအရာရှိများကို လာဘ်ပေးခြင်းကို တားမြစ်ထားသည့် နိုင်ငံခြားအဂတိလိုက်စားမှု ကျင့်ထုံးဥပဒေ (FCPA) အား အမေရိကန်က ယာယီရပ်ဆိုင်းလိုက်ခြင်းသည် အန္တရာယ်ရှိသော အချက်ပြမှုဖြစ်ကြောင်း နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (TI) က ဝေဖန်ထားပါသည်။

အမေရိကန်ပြည်ထောင်စုတွင် လုပ်ကိုင်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းသစ်များရရှိရန် သို့မဟုတ် လုပ်ငန်းများအားဆက်လက်ထိန်းသိမ်းရန်အတွက် နိုင်ငံခြား အရာရှိများ အား ငွေကြေး သို့မဟုတ် လက်ဆောင်များပေးကမ်းခြင်းကို တားမြစ် ထားသည့် ၁၉၇၇ ခုနှစ် နိုင်ငံခြားအဂတိလိုက်စားမှုကျင့်ထုံးဥပဒေ (Foreign Corrupt Practices Act-FCPA) အာဏာသက်ရောက်မှုကို ရပ်ဆိုင်း လိုက်စဉ်အတွင်း လွန်ခဲ့သောတနှစ်၌ ထရန့်က "ဒါက စာရွက်ပေါ်မှာတော့ အကောင်းသား ဒါပေမဲ့ လက်တွေ့မှာတော့ တကယ့်ကို ကပ်ဘေးဆိုးကြီး တစ်ခုပါပဲ" ဟူ၍ ပြောကြားခဲ့ပါသည်။ ထိုဥပဒေကို ဝေဖန်ကန့်ကွက်သူများ အမြင်တွင်မူ နိုင်ငံခြားပြိုင်ဘက်များက အခွင့်ကောင်းယူ ဝင်ရောက် လာချိန်တွင် ဤဥပဒေသည် အမေရိကန် ကုမ္ပဏီများကို မတရားသဖြင့် အဟန့်အတားဖြစ်စေသည် ဟု ယူဆကြသည်။

သီးခြားအနေဖြင့် နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (TI) က "မိမိတို့ အစိုးရများကို စောင့်ကြည့် စစ်ဆေးနေသည့် ပြည်ပရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများအတွက် အမေရိကန်၏ အကူအညီပေးရေး ရန်ပုံငွေများကို ဖြတ်တောက်လိုက်ခြင်းက ကမ္ဘာတစ်ဝန်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ကြိုးပမ်းမှုများကို ထိခိုက်လျော့ပါးစေခဲ့သည်။" ဟု ပြောကြားခဲ့သည်။ ၎င်းတို့က ဆက်လက်၍ "နိုင်ငံအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များ သည်လည်း ဤလုပ်ရပ်ကို အခွင့်ကောင်းယူ၍ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ (NGOs) နှင့် သတင်းထောက်များ ကဲ့သို့သော လွတ်လပ်သော အသံများကို ပစ်မှတ်ထားရန်နှင့် ပိုမိုကန့်သတ်ရန်အတွက် လမ်းစတစ်ခု အဖြစ် အသုံးပြုခဲ့ကြသည်။" ဟုလည်း ထောက်ပြထားသည်။

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (TI)သည် ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank)၊ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) နှင့် ပုဂ္ဂလိက အန္တရာယ်ဆန်းစစ်မှုနှင့် အကြံပေးကုမ္ပဏီများ အပါအဝင် အချက်အလက်အရင်းအမြစ် ၁၃ ခုကို အခြေခံ၍ ကမ္ဘာတစ်ဝန်းရှိ အစိုးရ ကဏ္ဍအသီးသီးရှိ အဂတိလိုက်စားမှုအပေါ် ကျွမ်းကျင်သူများ၏ အမြင် များကို တိုင်းတာခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံပေါင်း ၅၀ ၏ ရမှတ်များ သိသိသာသာ ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ ထိုသို့ ရမှတ်အများဆုံး ကျဆင်းသွားသည့် နိုင်ငံများထဲတွင် ဟန်ဂေရီနိုင်ငံ ယခု ၄၀ မှတ်၊ တူရကီ နိုင်ငံ ၃၁ မှတ်၊ နီကာရာဂွါနိုင်ငံ ၁၄ မှတ် တို့ ပါဝင်သည်။ တစ်ချိန်တည်း မှာပင် နိုင်ငံပေါင်း ၃၁ နိုင်ငံသည် သိသိသာသာ တိုးတက်လာခဲ့ပြီး အက်စ် တိုးနီးယားနိုင်ငံ ၇၆ မှတ်၊ ဆေးရှဲလ်နိုင်ငံ ၆၈ မှတ် နှင့် တောင်ကိုရီးယား နိုင်ငံ ၆၃ မှတ်တို့ကို အထူးပြုဖော်ပြထားသည်။

ရုရှား၏ အလုံးစုံကျူးကျော်စစ် ၄ နှစ်နီးပါး ကြာမြင့်လာချိန်တွင်၊ ယူကရိန်းနိုင်ငံသည် စွမ်းအင်ကဏ္ဍ အဂတိလိုက်စားမှု အရှုပ်တော်ပုံ ကြောင့် အဆင့်မြင့်အရာရှိကြီးများ ရာထူးမှ နုတ်ထွက်ခဲ့ရပြီးနောက် ရမှတ် ၁ မှတ် တိုးလာကာ ၃၆ မှတ် ရရှိခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၏ စုပေါင်းလှုပ်ရှားမှုကြောင့် အဓိကကျသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းများကို ကာကွယ်နိုင်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း "ကာကွယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး

ရန်ပုံငွေများကို အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန် ပြုပြင်ပြောင်းလဲမှုများ ထပ်မံလုပ်ဆောင်ရန် လိုအပ်နေပါသည်။" ဟု နိုင်ငံတကာပွင့်လင်း မြင်သာမှုအဖွဲ့(TI) က ပြောကြားခဲ့သည်။




ဘာသာပြန်သူ
ဒေါ်နန်းမြကြာခြည်
ဒုတိယညွှန်ကြားရေးမှူး

Source - [https://www.dailynews.com/2026/02/10/global-corruption/](https://www.dailynews.com/2026/02/10/global-corruption/)

# “နေတိုး (NATO) နှင့် အမေရိကန်စစ်ဘက်ဆိုင်ရာ ကန်ထရိုက်လုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူမှုဖြင့် တူရကီ နိုင်ငံသားတစ်ဦးနှင့် ဂျာမနီနိုင်ငံသားတစ်ဦးအား တရားစွဲဆို”

အမေရိကန်စစ်ဘက်နှင့် နေတိုး (NATO) ၏ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းစဉ်များတွင် နှစ်ရှည်လများ လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် တူရကီနိုင်ငံသားတစ်ဦးနှင့် ဂျာမနီ နိုင်ငံသားတစ်ဦးကို အမေရိကန်တရားရေးဌာန (DOJ) က တရားစွဲဆို လိုက်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့ရှိ ကိုလံဘီယာ ခရိုင်တရားရုံးတွင် တရားစွဲဆိုထားသည့် အမှုကို ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် လူသိရှင်ကြား ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။




တရားစွဲဆိုခံရသူများမှာ တူရကီနိုင်ငံအခြေစိုက် Hatcon İnşaat Taahhüt İthalat İhracat Limited Şirketi ကုမ္ပဏီ၏ ပိုင်ရှင်ဖြစ်သူ တူရကီနိုင်ငံသား Bahadir Hatipoglu (၅၀ နှစ်) နှင့် NATO Support and

Procurement Agency (NSPA) ၏ ဝယ်ယူရေး အရာရှိဟောင်းဖြစ်သူ ဂျာမနီနိုင်ငံသား Ralf Grywnow (၇၀ နှစ်) တို့ ဖြစ်ကြသည်။

Hatipoglu သည် လစ်သူရေးနီးယားနိုင်ငံတွင် နေထိုင်လျက် ရှိသူ ဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည့် အမေရိကန်စစ်တပ်နှင့် NATO အဖွဲ့တို့၏ ဆီသိုလှောင် ကန်များ၊ လေဆိပ်စသည့် ဆောက်လုပ်ရေးစီမံကိန်းများစွာကို ကန်ထရိုက် ရရှိစေရန်အတွက် Ralf Grywnow ထံသို့ ရွှေသား နှင့် ငွေကြေးများစွာအား တံစိုးလက်ဆောင်အဖြစ်ပေးခြင်း၊ မိသားစု အပန်းဖြေခရီးစဉ်များ စီစဉ် ပေးခြင်း၊ ဒူဘိုင်းရှိ ဟိုတယ်တစ်ခုတွင် အမျိုးသမီးများနှင့် အပန်းဖြေနိုင်ရန် စီစဉ်ပေးခြင်း၊ ပိုလန်ရှိ Grynow ၏ နေအိမ်အား ပြန်လည် ပြုပြင်မွမ်းမံ ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အပြန်အလှန်အားဖြင့် Grywnow သည် အမေရိကန် စစ်ဘက်နှင့် NATO တို့၏ ကန်ထရိုက်လုပ်ငန်းများနှင့် တင်ဒါဆိုင်ရာ လျှို့ဝှက်ချက်များကို ပေးပို့ခြင်း၊ Hatipoglu ၏ ကုမ္ပဏီများ ကို လုပ်ငန်းအရည်အသွေး ကောင်းမွန်ကြောင်း အစီရင်ခံစာများ (Past-Performance Question-naires) အတုပြုလုပ်ပေးခြင်းနှင့် အဂတိလိုက်စားမှု ကင်းရှင်းကြောင်း၊ လုပ်ငန်းအရည်အသွေး ကောင်းမွန်ကြောင်း မဟုတ်မမှန် ထောက်ခံချက်များကို ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ဆောင်ရွက်ပေးခဲ့ပါသည်။

တာဝန်ရှိသူများ၏ သဘောထားထုတ်ပြန်ချက်များ အနေဖြင့် အမေရိကန်တရားရေးဌာန၊ ဒုတိယရှေ့နေချုပ် A. Tysen Duva က "ဒီတရားခံတွေဟာ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေနဲ့ စစ်ဘက် ကန်ထရိုက် လုပ်ငန်းစဉ်တွေအပေါ် အကျည်းတန်စေခဲ့ပါတယ်။ အဂတိလိုက်စားမှုကြောင့် တရားမျှတတဲ့ ယှဉ်ပြိုင်မှုကို ပျက်ပြားစေပြီး အခွန်ထမ်းပြည်သူတွေရဲ့ ဘဏ္ဍာငွေကို ထိခိုက်စေတဲ့ ဘယ်လိုလုပ်ရပ်မျိုးကိုမဆို အမြစ်ပြတ် ဖယ်ရှားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ထို့ပြင် FBI ၏ ခေတ္တလက်ထောက်ညွှန်ကြားရေးမှူး Mark Remily ကလည်း "ဒီတရားစွဲဆိုမှုဟာ အမေရိကန်ရဲ့ ကန်ထရိုက် လုပ်ငန်းတွေကို မသမာနည်းနဲ့ ခြယ်လှယ်သူတွေကို ဘယ်နေရာမှာပဲရှိရှိ ထိရောက်စွာ အရေးယူသွားမယ်ဆိုတာ ပြသလိုက်တာဖြစ်တယ်" ဟု ထပ်လောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်တရားရေးဌာန (DOJ) သည် လစ်သူရေးနီးယားနိုင်ငံနှင့် ပိုလန်နိုင်ငံများမှ အာဏာပိုင်အဖွဲ့ အစည်းများ နှင့် ပူးပေါင်း၍ Bahadır Hatipoğlu အား လစ်သူရေးနီးယားနိုင်ငံ၊ Klaipėda ရှိ ၎င်း၏ နေအိမ်တွင်လည်းကောင်း၊ Ralf Grywnow အား ပိုလန်နိုင်ငံ၊ Zagnańsk တွင် လည်းကောင်း ယာယီဖမ်းဆီးချက် (provisional arrest warrants) ဖြင့် ဖမ်းဆီးခဲ့ပြီး နိုင်ငံတကာ အာဏာပိုင် များနှင့် ပူးပေါင်းညှိနှိုင်း၍ အမေရိကန်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးပို့ရန် ဆောင်ရွက်လျက်ရှိပါသည်။

၎င်းတို့နှစ်ဦး အား Conspiracy to commit wire fraud (လူနှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပိုသူများက ဖုန်း၊ အီးမေးလ် သို့မဟုတ် အင်တာနက် အသုံးပြု၍ လိမ်လည်ရန် ကြိုတင်တိုင်ပင်သည့်ပြစ်မှု)၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် အရာရှိတစ်ဦး သို့မဟုတ် တာဝန်ရှိသူ တစ်ဦးက လာဘ်ပေးလာဘ်ယူမှုကျူးလွန်ခြင်း သို့မဟုတ် အကျိုးစီးပွားပဋိပက္ခကြောင့် ၎င်း၏ လုပ်ငန်းတာဝန်ကို ရိုးသားစွာ မထမ်းဆောင်ဘဲ လိမ်လည်ခြင်း (Honest-services fraud)၊ ပြစ်မှုတစ်ခု ကျူးလွန်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကူညီဆောင်ရွက်ပေးခြင်း (Aiding and abetting) စသည့် စွပ်စွဲချက်များဖြင့်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ပိုင်ဆိုင်မှုများ သို့မဟုတ် ပြစ်မှု ကျူးလွန်ရန် အသုံးပြုသည့် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူရန် (Criminal forfeiture) အတွက် လည်းကောင်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့ရှိ ကိုလံဘီယာ ခရိုင် တရားရုံးတွင် တရားစွဲဆိုခဲ့ပါသည်။

ပြစ်မှုထင်ရှားပါက အမြင့်ဆုံး ထောင်ဒဏ်အနှစ် (၂၀) အထိ ကျခံရဖွယ်ရှိပြီး မသမာသောနည်းဖြင့် ရရှိထားသည့် ပိုင်ဆိုင်မှုအားလုံးကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်းခံရနိုင်ပါသည်။

ဘာသာပြန်သူ
ဦးချမ်းငြိမ်းသူ
ဦးစီးအရာရှိ

Source - https://www.justice.gov/opa/pr/former-nato-official- and-turkish-defense-contractor-indicted-bribery-scheme-related-military



"အဂတိလိုက်စားတယ်ဆိုတာ
လူတွေရဲ့ဘဝတွေကို စားသုံးနေတာပါ"

# "အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖြိုခွင်းရန်အတွက် အဂတိလိုက်စားမှု၊ ဆိုက်ဘာမှုခင်းနှင့် ဂိုဏ်းဖွဲ့ကျူးလွန်မှုများကို အတူတကွ ကိုင်တွယ် ဖြေရှင်းရမည်"

ဆိုက်ဘာမှုခင်းသည် အရှေ့တောင်အာရှရှိ လုံခြုံရေး၊ စီးပွားရေး တည်ငြိမ်မှု၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် ကြီးထွားလာခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ အစီရင်ခံစာအရ အကြီးစား အွန်လိုင်းလိမ်လည်မှုစင်တာများသည် အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်ဒေသများ၌ လုပ်ငန်းဆောင်ရွက်နေပြီး နှစ်စဉ်အမြတ်ငွေ ဒေါ်လာ ဘီလီယံပေါင်းများစွာရရှိကြောင်း ခန့်မှန်းရသည်။

၂၀၂၃ ခုနှစ်တွင် အရှေ့နှင့် အရှေ့တောင်အာရှရှိ နိုင်ငံများသည် ဆိုက်ဘာလိမ်လည်မှုကြောင့် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံအထိ ဆုံးရှုံးခဲ့ရသည်။ ဤလိမ်လည်မှု စင်တာများနှင့် တရားမဝင်အွန်လိုင်းလောင်းကစားရုံများကို လည်ပတ်သော ရာဇဝတ်ကွန်ရက်များသည် လူကုန်ကူးမှုတွင်လည်း ပါဝင်ပတ်သက်နေပြီး သားကောင်များစွာကို အလုပ်အကိုင် ကြော်ငြာများဖြင့် ဆွဲဆောင်ပြီး ရက်စက်ကြမ်းကြုတ်သော အခြေအနေများဖြင့် ရာဇဝတ်ကောင် အဖြစ်သို့ အတင်းအကျပ်ခိုင်းစေခြင်း ဖြစ်သည်။

ဒုစရိုက်လုပ်ငန်းများသည် မည်သို့မြင်သာထင်သာ လည်ပတ်နိုင်မည်နည်း။ အဂတိလိုက်စားမှုသည် အဆိုပါလုပ်ငန်းများကို တိုးချဲ့နိုင်ပြီး တည်တံ့နိုင်စေသည့် အရေးကြီးသော အကြောင်းအရာတစ်ခု ဖြစ်သည်။

အဂတိလိုက်စားမှုသည် ဆိုက်ဘာမှုခင်းကို ဖြစ်ပွားစေသည့် အဓိကကျသော နောက်ခံ အကြောင်းရင်းတစ်ခုဖြစ်ပြီး တိုက်ရိုက်အားပေးကူညီနေသော အရာလည်း ဖြစ်နိုင်သည်။ ၎င်းသည် စနစ်တကျ ဖွဲ့စည်းထားသော ဒုစရိုက်လုပ်ငန်းများကို အန္တရာယ်လျော့နည်းစွာဖြင့် ဒုစရိုက်

လုပ်ငန်းများ လုပ်ဆောင်နိုင်စေရန် လမ်းဖွင့်ပေးထားသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။

အကြီးစားအွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လည်ပတ်နိုင်ခြင်းသည် အာဏာပိုင်အချို့ ပါဝင်ပတ်သက်မှုမရှိဘဲ မဖြစ်နိုင်ပေ။ ရာဇဝတ်မှုနှင့် အဂတိလိုက်စားမှုတို့အကြား ချိတ်ဆက်မှုသည် ဒုစရိုက်ဂိုဏ်းများကို ကြီးမားသော ခြံဝင်းများအတွင်း လည်ပတ်နိုင်စေရန်၊ နယ်စပ်များကို ဖြတ်ကျော်၍ လူကုန်ကူးရန်နှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးများကို ငွေကြေးခဝါချရန် ခွင့်ပြုထားခြင်းဖြစ်သည်။

ဒေသန္တရအာဏာပိုင်များ၏ လျော့ရဲသော အုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှုများသည် နိုင်ငံ၏ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကို အားနည်းစေပြီး ဒုစရိုက်အဖွဲ့အစည်းများကို ကြီးကြပ်မှုအနည်းဆုံးဖြင့် လည်ပတ်နိုင်ရန် အခွင့်အရေးပေးထားသကဲ့သို့ ဖြစ်စေသည်။


ALL SECTIONS  SEARCH

THE DIPLOMAT

READ THE DIPLOMAT, KNOW THE ASIA-PACIFIC

SUBSCRIBE

Corruption, cybercrime, and organized crime must be tackled together to upend the scam industry.

By Graeme Gunn
October 28, 2025

LATEST STORIES

2 Olympic Gold Medalists Show the Mixed Results of China's Efforts to Bring

ဉာဏ်ရည်တု AI၊ မဲလ်ဝဲလ် malware၊ အမည်ဖော်ပြရန် မလိုသော network များ၊ blockchain၊ cryptocurrency နှင့် ဒီဂျစ်တယ် စာချုပ်များ ကဲ့သို့သော နည်းပညာများ လျင်မြန်စွာ တိုးတက်လာခြင်းသည် ရာဇဝတ်မှု များကို ပိုမိုအားကောင်းလာစေသည်။ အစိုးရ၊ လုပ်ငန်းစုများနှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရာတွင် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်၊ ဥပဒေ စိုးမိုးရေးခိုင်မာစေရန်နှင့် ရာဇဝတ်ကွန်ယက်များကို ဖြိုခွဲရန် ဤနည်း ပညာများကို ကောင်းမွန်သောနေရာများတွင် အသုံးပြုနိုင်သော်လည်း ဒုစရိုက်လောကတွင်မူ ဆိုးရွားသော ဘေးထွက်ဆိုးကျိုးများ ရှိနေသည်။ ဒစ်ဂျစ်တယ် ငွေကြေး (Cryptocurrencies) များသည် ဆိုက်ဘာမှုခင်းနှင့် အဂတိလိုက်စားမှုတို့မှ ရရှိလာသော တရားမဝင် ငွေကြေးများကို ဘဏ်နှင့် ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှု စနစ်များမှ ရှောင်လွှဲပြီး ငွေကြေး ခဝါချရန်နှင့် လာဘ်ပေးလာဘ်ယူမှုများအတွက် အမည်ဝှက်ဖြင့် အလွယ် တကူ အသုံးပြုနိုင်သော လမ်းကြောင်း ဖြစ်လာသည်။ AI ကိုလည်း လူမှု ကွန်ရက်မှတစ်ဆင့် လိမ်လည်လှည့်ဖြားရန်နှင့် Deepfakes များပြုလုပ်ကာ ငွေညှစ်ရန်အတွက် ပိုမိုအသုံးပြုလာကြသည်။ ထိုအရာများကို တိုက်ဖျက် နိုင်ရန်အတွက် ကမ္ဘာက သိသာထင်ရှားသော ခြေလှမ်းတစ်ခုကို စတင်ခဲ့ သည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဟန်နွိုင်းမြို့၌ ကုလသမဂ္ဂ ဆိုက်ဘာမှုခင်း တိုက်ဖျက်ရေး သဘောတူစာချုပ် (UNCC) ကို နိုင်ငံပေါင်း ၇၂ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤစာချုပ်သည် ဆိုက်ဘာမှုခင်းနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ပထမဦးဆုံးနှင့် အလုံးစုံ လွှမ်းခြုံသော သဘောတူစာချုပ် ဖြစ်သည်။ ဤစာချုပ်သစ်သည် ကုလ သမဂ္ဂ၏ ၂၀၀၀ ခုနှစ်၊ နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် ၎င်း၏ နောက်ဆက်တွဲ စာချုပ်များ၊ ၂၀၀၅ ခုနှစ်၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတို့ဖြင့် ပေါင်းစပ်လိုက်မည် ဆိုပါက ပိုမိုထိရောက်လာမည် ဖြစ်သည်။ UNODC သည် ဤသဘောတူ စာချုပ် (၃) ခုလုံးအတွက် နိုင်ငံတကာ စောင့်ကြည့်သူနှင့် ကမ္ဘာလုံးဆိုင်ရာ

အကောင်အထည်ဖော်မှု မိတ်ဖက်အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ဤစာချုပ်များ စုပေါင်းလိုက်ခြင်းဖြင့် အဂတိလိုက်စားမှု၊ ဆိုက်ဘာ မှုခင်းနှင့် နိုင်ငံဖြတ်ကျော် ဂုဏ်းဖွဲ့ကျူးလွန်မှုများကို ထိရောက်စွာ ပြန်လည်တုံ့ပြန်နိုင်မည့် ခိုင်မာသော နိုင်ငံတကာယန္တရားတစ်ခု ဖြစ်ပေါ်လာစေသည်။

ၾငင်းသည် UNODC အစီရင်ခံစာအသစ်ဖြစ်သော "ဆိုက်ဘာ မှုခင်းနှင့် အဂတိလိုက်စားမှုတို့၏ ဆက်နွယ်မှု" ၏ အဓိကအချက် ဖြစ်ပါသည်။ အဆိုပါကုလသမဂ္ဂသဘောတူစာချုပ် (၃) ခုသည် ခေတ်သစ် ရာဇဝတ်မှု ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် တစ်ခုနှင့်တစ်ခု အားဖြည့်ပေးသော လုပ်ဆောင်ချက်များကို ဖြစ်ပေါ်စေသည်။ လက်တွေ့ လုပ်ငန်းခွင်အဆင့်တွင်မူ အဂတိလိုက်စားမှု အပေါ်မှီခိုနေသော ဆိုက်ဘာ ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းရာ၌ သာမန်နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် သီးခြားရဲတပ်ဖွဲ့ လှုပ်ရှားမှုများဖြင့်သာ ဆောင်ရွက်ခြင်းမှာ မလုံလောက်ပေ။ ဤခြိမ်းခြောက်မှုများ တစ်ခုနှင့်တစ်ခုမည်သို့ ဆက်နွယ်နေသည်ကို လေ့လာခြင်းဖြင့်သာ ပိုမိုနက်ရှိုင်းသော နားလည်မှုကို ရရှိနိုင်မည်ဖြစ်သည်။

UNCC သည် အီလက်ထရွန်နစ် သက်သေအထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး၊ အခြားသော ကုလသမဂ္ဂ သဘောတူစာချုပ်များ၏ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု ယန္တရားများတွင်လည်း သက်ဆိုင်စေပါသည်။ UNCC သည် ပျောက်ပျက်လွယ်သော အချက်အလက်များ (volatile data) ကို အရှိန် အဟုန်ဖြင့် ထိန်းသိမ်းခြင်းနှင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ၂၄/၇ ဆက်သွယ်ရေးစင်တာများကဲ့သို့သော ခေတ်မီလုပ်ထုံးလုပ်နည်း များကို ပံ့ပိုးပေးပါသည်။ အရေးကြီးသည်မှာ ၎င်း၏ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုမူဘောင်သည် အီလက်ထရွန်နစ် သက်သေအထောက်အထား များပါဝင်သည့် မည်သည့် "ကြီးလေးသော ရာဇဝတ်မှု" ကိုမဆို အကျုံးဝင် စေပြီး၊ ၎င်းတွင် UNCAC နှင့် UNTOC အောက်၌ ပြဋ္ဌာန်းထားသော

အခြေခံကျသော အဂတိလိုက်စားမှုနှင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့် ပြစ်မှုများလည်း အတိအလင်း ပါဝင်ပါသည်။

ဤစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ခိုင်မာသော ဥပဒေမူဘောင်များ၊ ဒစ်ဂျစ်တယ် အသိပညာ ဗဟုသုတ မြှင့်တင်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးတွင် ခိုင်မာသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည့် ဘက်စုံချဉ်းကပ်မှုတစ်ခု လိုအပ်ပါသည်။

၎င်းသည် အဖွဲ့အလိုက် တာဝန်ယူမှုကို ပြန်လည် သုံးသပ်ရန်လည်း လိုအပ်ပါသည်။ အစီရင်ခံစာတွင် တင်ပြထားသကဲ့သို့ နည်းပညာ ကုမ္ပဏီများသည် ဆိုက်ဘာမှုခင်းကို တိုက်ဖျက်ရာတွင် ရှေ့တန်းမှ ရောက်ရှိနေပြီး ထိရောက်သော ကာကွယ်ခြင်းနှင့် ဖော်ထုတ်ခြင်းတို့ အတွက် အင်အားအများစုကို ပိုင်ဆိုင်ထားသဖြင့် ခိုင်မာသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှာ မရှိမဖြစ် လိုအပ်ပါသည်။ အဆိုပါ လေ့လာမှုသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများအပေါ် အခြေခံထားပြီး၊ နည်းပညာ ကုမ္ပဏီများကို တုံ့ပြန်မှုသက်သက်ဖြစ်သော အကြောင်းအရာ စိစစ် တည်းဖြတ်ခြင်းထက် ၎င်းတို့၏ ထုတ်ကုန်များက လွယ်ကူချောမွေ့စေသည့် စနစ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် လျှော့ချပေးရမည့် စည်းမျဉ်းစည်းကမ်း စံနှုန်းသစ်တစ်ခုပေါ်ထွက် လာနေပြီဖြစ်ကြောင်း ငြင်းဆိုထားပါသည်။

အရှေ့တောင်အာရှ၏ အကြီးစားအွန်လိုင်းလိမ်လည်မှု စခန်းများနှင့် တရားမဝင်အွန်လိုင်း လောင်းကစားရုံများသည် အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းများအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေပါသည်။ ၎င်းတို့ လည်ပတ်နိုင်ရန်အတွက် အာဏာပိုင်များ၏ ပါဝင်ပတ်သက်မှုအပေါ် မှီခိုနေခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်သည်။ ၎င်းတို့ကို ဖြိုခွင်းရန်အတွက် UNCC သစ်ကို လက်ခံကျင့်သုံးခြင်းနှင့် ဂုဏ်းဖွဲ့ကျူးလွန်မှု၊ အဂတိလိုက်စားမှုနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်

သုံးခုကို ပေါင်းစပ်အကောင်အထည်ဖော်ခြင်းအပေါ် အခြေခံသည့် ဘက်စုံ လွှမ်းခြုံသော ပေါင်းစပ် ချဉ်းကပ်မှုတစ်ခု လိုအပ်ပါသည်။

ဘာသာပြန်သူ
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

Source - https://share.google/6zP5XeqcaYUtNcR7S



## “အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ပီရူးယာယီသမ္မတကို လွှတ်တော်က ရာထူးမှ ဖယ်ရှား”

ပီရူးနိုင်ငံတွင် ဧပြီလအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန် ရက်သတ္တပတ် အနည်းငယ်သာ လိုတော့သည့်အချိန်တွင် အဂတိလိုက်စားမှု စွပ်စွဲချက်များ ရင်ဆိုင်နေရသော ယာယီသမ္မတ ဟိုဆေးဂျာရီကို ရာထူးမှ ဖယ်ရှားရန် ပီရူးလွှတ်တော်က အင်္ဂါနေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ နိုင်ငံအတွင်း နိုင်ငံရေး မတည်ငြိမ်မှု လှိုင်းသစ်များ ထပ်မံပေါ်ပေါက်လာခဲ့သည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင် နှစ်ဦးနှင့် တရားဝင် မကြေညာထားသည့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ခြင်းအပေါ် အခြေခံ၍ ၎င်းအား အဂတိလိုက်စားမှုနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ကာ ကြားဝင်စွက်ဖက်မှုတို့ဖြင့် ပဏာမ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ပီရူးလွှတ်တော်တွင် ၎င်းအား ရာထူးမှ ဖယ်ရှားရန် ထောက်ခံမဲ ၇၅ မဲ၊ ကန့်ကွက်မဲ ၂၄ မဲနှင့် ကြားနေမဲ ၃ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် နိုင်ငံအတွင်း ရာဇဝတ်မှုများ မြင့်တက်လာခြင်းကြောင့် ယခင်သမ္မတ ဒီနာဘိုလူအာတေး ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ပြီးခဲ့သည့် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ယာယီသမ္မတအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

၂၀၁၆ ခုနှစ်နောက်ပိုင်း သမ္မတ (၇) ဦးအထိ ပြောင်းလဲခဲ့သည့် ပီရူးနိုင်ငံတွင် ယခု ယာယီသမ္မတ ဂျာရီ ရာထူးမှ ဖယ်ရှားခံရမှုသည် ရှည်လျားလှသော နိုင်ငံရေး အကျပ်အတည်း၏ နောက်ဆုံး အခန်းကဏ္ဍတစ်ခု ဖြစ်လာခဲ့သည်။ လက်ရှိတွင် ပီရူးနိုင်ငံသားများသည် အကြမ်းဖက်ရာဇဝတ်မှုများ မြင့်တက်လာခြင်းအပေါ် ကျယ်ကျယ်ပြန့်ပြန့် မကျေမနပ်ဖြစ်နေကြသည်။

လွှတ်တော်အမတ်များသည် ၎င်းတို့ထဲမှ အဖွဲ့ဝင်တစ်ဦးကို ယာယီသမ္မတအဖြစ် ထပ်မံရွေးချယ်ကာ ဇူလိုင်လ ၂၈ ရက်နေ့အထိ တာဝန်ယူစေမည်ဖြစ်သည်။ ထို့နောက် ဧပြီလ ၁၂ ရက်နေ့တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ အနိုင်ရရှိသူထံ အာဏာလွှဲပြောင်းပေးရမည်ဖြစ်သည်။ ဂျာရီသည် ဇူလိုင် လ ၂၈ ရက်နေ့ လွှတ်တော်သက်တမ်း အသစ်မစမီအထိ လွှတ်တော်အမတ်အဖြစ် ပြန်လည်တာဝန် ထမ်းဆောင်မည်ဖြစ်သည်။

ဂျာရီအပေါ် စွပ်စွဲချက်များသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက တရုတ်စီးပွားရေးလုပ်ငန်းရှင် နှစ်ဦးနှင့်လျှို့ဝှက်တွေ့ဆုံခဲ့မှုနှင့်စပ်လျဉ်း၍ ပေါက်ကြား လာသော အစီရင်ခံစာတစ်ခုမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။ အဆိုပါ တရုတ်လုပ်ငန်းရှင်တစ်ဦးမှာ အစိုးရနှင့် တရားဝင်စာချုပ် ချုပ်ဆိုထားသူဖြစ်ပြီး နောက်တစ်ဦးမှာ တရားမဝင်သစ်ခုတ်မှုတွင် ပါဝင်ပတ်သက်သည်ဟူသော သံသယဖြင့် စုံစမ်းစစ်ဆေးခံနေရသူဖြစ်သည်။

ပီရူးနိုင်ငံတွင် သမ္မတများ မကြာခဏ ပြောင်းလဲနေသော်လည်း စီးပွားရေးမှာ တည်ငြိမ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် အကြွေးနှင့်ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး အချိုးမှာ ၃၂ ရာခိုင်နှုန်း သာရှိပြီး လက်တင်အမေရိကတွင် အနိမ့်ဆုံးနိုင်ငံများထဲတွင် ပါဝင်သည်။ အစိုးရအနေဖြင့်လည်း သတ္တုတူးဖော်ရေးနှင့် အခြေခံအဆောက်အအုံ ကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ကြိုဆိုနေဆဲဖြစ်သည်။

ယခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရှေးရိုးစွဲ စီးပွားရေးလုပ်ငန်းရှင်နှင့် လီမာမြို့တော်ဝန်ဟောင်း ရာဖေးလ် လိုပက်ဇ် အလီယာဂါ က လူကြိုက်အများဆုံးစာရင်းတွင် ဦးဆောင်နေပြီး ၁၉၉၀ ပြည့် လွန်နှစ်များက သမ္မတဖြစ်ခဲ့သူ အယ်လ်ဘာတို ဖူဂျီမိုရီ၏ သမီး ကေကိုဖူဂျီမိုရီ လည်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မည်သည့်ကိုယ်စားလှယ်မျှ ထောက်ခံမဲ ၅၀

ရာခိုင်နှုန်း မရရှိပါက ထိပ်ဆုံးမှ ကိုယ်စားလှယ် နှစ်ဦးကို ဖွန်လတွင် ဒုတိယအကျော့ ပြန်လည်မဲခွဲဆုံးဖြတ် ရမည်ဖြစ်သည်။

ပီရူးလွှတ်တော်သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အုပ်ချုပ်ရေး ကဏ္ဍအပေါ် လွှမ်းမိုးမှု ပိုမိုရရှိလာခဲ့ပြီး အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးချက်များကို အသုံးချကာ လွှတ်တော်အတွင်း အင်အား မကောင်းသည့် သမ္မတများကို ရာထူးမှ ဖယ်ရှားလေ့ရှိသည်။ ပီရူးအခြေခံဥပဒေတွင် သမ္မတတစ်ဦးသည် နိုင်ငံကို ဦးဆောင်ရန် "ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အရည်အချင်းမရှိ"ဟု တွေ့ရှိပါက ရာထူးမှ ဖယ်ရှားနိုင်သည်ဟူသော အချက်ကို အသုံးချကာ လွှတ်တော်အမတ်များက သမ္မတပေါင်းများစွာကို ဖယ်ရှားခဲ့ပြီးဖြစ်သည်။

ဂျာရီ၏ ရှေ့တွင် ဘိုလူအာတေးသည် သုံးနှစ်နီးပါး တာဝန်ယူခဲ့ပြီး ဆန္ဒပြမှုများအတွင်း ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ အများအပြား သေဆုံးခဲ့သော်လည်း ရာထူးတွင် ဆက်လက် ရှိနေခဲ့သူဖြစ်သည်။ သို့သော် နောက်ဆုံးတွင် အဂတိလိုက်စားမှုနှင့် ရာဇဝတ်မှုများ မြင့်တက်လာခြင်းတို့ကြောင့် ၎င်းအား "ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အရည်အချင်းမရှိ" ဟူသော အချက်ဖြင့်ပင် လွှတ်တော်က ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဘာသာပြန်သူ<br>
ဒေါ်ယွန်းရွှေစင်ကျော်<br>
ဦးစီးအရာရှိ

Source- [https://apnews.com/article/peru-jeri-president-congress-vote 8974236f989 f7d9cbd8e5 4de7d3ef81e](https://apnews.com/article/peru-jeri-president-congress-vote)

## “အဂတိလိုက်စားမှုဆိုင်ရာ ရမှတ် ၁၉ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားပြီးနောက် ထိုင်းနိုင်ငံ ကျရှုံးသွားကြောင်း ဝန်ကြီးချုပ် Anutin Charnvirakul ပြောကြား”

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ် Anutin Charnvirakul က ထိုင်းနိုင်ငံ၏ အဂတိလိုက်စားမှု အညွှန်းကိန်း (CPI) ရမှတ်သည် ၁၉ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားပြီးနောက် ကျရှုံးမှုဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ CPI ကို Transparency International မှ ကြေငြာပြီးနောက် ထိုင်းနိုင်ငံသည် ၁၀၀ တွင် ၃၃ မှတ်ရရှိခဲ့ပြီး နိုင်ငံပေါင်း ၁၈၂ နိုင်ငံအနက် ၁၁၆ နေရာတွင် ရပ်တည်ခဲ့ပြီး ယခင်နှစ်ထက် တစ်မှတ် ကျဆင်းခဲ့ပြီး နိုင်ငံအဆင့်သတ်မှတ်ခံရပြီးနောက်ပိုင်း အနိမ့်ဆုံးဖြစ်သည်။

အစိုးရသည် ရလဒ်အပေါ် စိုးရိမ်ပူပန်နေကြောင်း၊ ၃၃ မှတ်သည် နိမ့်ကျသည်ဟု ယူဆသည် - ရိုးရိုးလေးပြောရလျှင် ကျရှုံးသော အဆင့်ဖြစ်ပြီး အဂတိလိုက်စားမှု မြင့်မားခြင်းနှင့် ပွင့်လင်းမြင်သာမှု နည်းပါးခြင်းစသည် တို့ကို ပိုမိုအားကောင်းစေခြင်းဖြင့် ထိုင်းနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေနိုင်ကြောင်း ဝန်ကြီးချုပ် Anutin က ပြောကြားခဲ့သည်။

အစိုးရသည်အမျိုးသားပြည်သူကဏ္ဍအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (PACC)၏ အထွေထွေ အတွင်းရေးမှူး အား တွေ့ရှိချက်များကို အသေးစိတ် ပြန်လည်သုံးသပ်ရန် ခေါ်ယူခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုကို အမျိုးသားအဆင့် အစီအစဉ်တစ်ခု အဖြစ် မြှင့်တင်ရန် ကတိပြုခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က ဒုတိယဝန်ကြီးချုပ် Borwornsak Uwanno နှင့် အမျိုးသားပြည်သူကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (PACC) ၏ အထွေထွေအတွင်းရေးမှူး Phumisak Kasemsuk တို့အား ဥပဒေများ၊ ဝန်ကြီးဌာနဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း

သို့မဟုတ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်မှုကို အားကောင်းစေရန် ဥပဒေသစ်ရေးဆွဲခြင်း အပါအဝင် ဥပဒေနှင့် စည်းမျဉ်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ရန် အမိန့်ပေး ခဲ့သည်။



ဝန်ကြီးချုပ် Anutin က အဂတိလိုက်စားမှုသည် လာဘ်ပေး လာဘ်ယူမှု တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေသည့် ခွင့်ပြုချက်နှင့် လိုင်စင်စနစ်များတွင် ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာများအထိ ချဲ့ထွင်သွားရန် အလေးပေးပြောကြား ခဲ့သည်။ စီးပွားရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပြဋ္ဌာန်းထားသည့် ဥပဒေကို တင်းကြပ်စွာ ပြဋ္ဌာန်းရမည်ဖြစ်ပြီး အကောင် အထည်ဖော်မှုကို ကြီးကြပ်ရန် သီးခြားအေဂျင်စီတစ်ခု ခန့်အပ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

အများပြည်သူကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (PACC) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရုံး၊ အများပြည်သူကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကော်မရှင်ရုံးနှင့် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အပါအဝင် အေဂျင်စီ

များသည် ပွင့်လင်းမြင်သာမှု တိုးမြှင့်လာစေရန်နှင့် အဂတိလိုက်စားသော အရာရှိများအပေါ် တင်းကျပ်သော အကောင်အထည်ဖော်မှုကို သေချာစေရန် ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းသို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဖြင့်လည်း ရှေ့သို့ချီတက်နေပြီး ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံတကာ ယုံကြည်စိတ်ချရမှု စံနှုန်းများကို မြှင့်တင်ရန် ကူညီပေးမည်ဟု ပြောကြားခဲ့သည်။


မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် အရေးကြီးသော အမျိုးသားမူဝါဒတစ်ခုအဖြစ်ဆက်လက် တည်ရှိနေရမည်ဟု ၎င်းက ပြောကြားခဲ့ပြီး ပွင့်လင်းမြင်သာမှုစည်းမျဉ်းများကို ချိုးဖောက်သော အရာရှိများသည် တင်းကျပ်သောအုပ်ချုပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဟု သတိပေးခဲ့သည်။

ဘာသာပြန်သူ<br>ဒေါ်စန္ဒာဝင်း<br>ဦးစီးအရာရှိ

Source - https://www.khaosodenglish.com/featured/2026/02/13/anutin-says-thailand-fails-after-corruption-score-sinks-to-19-year-low/

## “မီးဖိုချောင်ပစ္စည်း တင်သွင်းရောင်းချသူက အော်ဒါရရှိရေးအတွက် တရုတ်စားသောက်ဆိုင် မန်နေဂျာအား ရာခိုင်နှုန်းပေး လာဘ်ထိုးမှုဖြင့် ICAC တရားစွဲ”

မီးဖိုချောင်သုံးပစ္စည်း တင်သွင်းရောင်းချသူတစ်ဦးသည် တရုတ်စားသောက်ဆိုင်တစ်ဆိုင်၏ ဝယ်ယူရေး မန်နေဂျာအား မိမိထံမှ မှာယူသည့် စုစုပေါင်းပစ္စည်းတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို အကျိုးအမြတ်အဖြစ် ပေးမည်ဟုဆိုကာ ရာခိုင်နှုန်းပေး လာဘ်ထိုးမှုအဖြစ် ကမ်းလှမ်းခဲ့သည့်စွပ်စွဲချက်ဖြင့် တရားမဝင်လာဘ်ငွေကိုင်တွယ်မှု တိုက်ဖျက်ရေးကော်မရှင် (ICAC) က ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တရားစွဲဆိုလိုက်သည်။



Report Corruption Hotline: 25 266 366

About ICAC | ICAC Highlights | Press Releases | International Perspective | Report Corruption | Law Enforcement | Prevention & Education | Contact Us

Press Releases

Press Releases > Press Releases

Press Releases

**Kitchenware supplier charged by ICAC for bribing Chinese restaurant manager over orders with kickback**

2026-1-27

A kitchenware supplier was charged by the ICAC today (January 27) for allegedly bribing a purchasing manager of a Chinese restaurant with a kickback amounting to 15 per cent of the value of the kitchenware orders placed with the supplier.

Lai Yahao, 55, proprietor of Chuk Chin Stainless Steel Equipment Company Limited (Chuk Chin), faces one count of offering an advantage to an agent, contrary to section 9(2)(b) of the Prevention of Bribery Ordinance. She was released on ICAC bail, pending her appearance at the Kwun Tong Magistrates' Courts on Thursday (January 29) for plea.

The charge alleges that on December 25, 2022, the defendant offered a bribe of about $12,000 to a purchasing manager of Fook Lam Moon Group (Fook Lam Moon) for causing Fook Lam Moon to place kitchenware orders with Chuk Chin.

At the material time, Chinese restaurant operator Fook Lam Moon was planning to open a branch in Kowloon Bay and its purchasing manager placed various orders with Chuk Chin. Upon receipt of a corruption complaint, an investigation by the ICAC revealed that the defendant had allegedly offered a kickback to the purchasing manager of Fook Lam Moon in relation to three of the orders, calculated at 15 per cent of the order value, which was about $12,000.

Chuk Chin Stainless Steel Equipment Company Limited ၏ ပိုင်ရှင် အသက် ၅၅ နှစ်အရွယ် လိုင်ယာဟို (Lai Yahao) သည် အကျင့်ပျက်ခြစားမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၉(၂)(ခ)အရ အကျိုးအမြတ်ကမ်းလှမ်းမှုဆိုင်ရာ စွဲချက်တစ်ခုနှင့် ရင်ဆိုင်နေရကာ သူမအား ICAC ၏ အာမခံဖြင့် ပြန်လည်လွှတ်ပေးထားခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ

၂၉ ရက်နေ့တွင် ကွမ်တုံ မက်စ်စထရိတ်တရားရုံး (Kwun Tong Magistrates' Courts) ၌ ရုံးထုတ်ကာ ပြန်ကြားချက် ပေးရမည်ဖြစ်သည်။

စွဲချက်တွင် ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် တရားခံသည် ဖူ့လမွန်း (Fook Lam Moon) အဖွဲ့၏ ဝယ်ယူရေး မန်နေဂျာတစ်ဦးအား မီးဖိုချောင်သုံးပစ္စည်းများ မှာယူမှု ပြုလုပ်နိုင်ရေး အတွက် လာဘ်ငွေ ဟောင်ကောင်ဒေါ်လာ ၁၂,၀၀၀ ခန့် ကမ်းလှမ်းခဲ့သည်ဟု စွပ်စွဲထားသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားချိန်က တရုတ်စားသောက်ဆိုင် လုပ်ငန်းရှင် ဖူ့လမွန်းသည် ကောင်လွန်းပင်လယ်အော် (Kowloon Bay) တွင် ဘဏ်ခွဲအသစ်ဖွင့်လှစ်ရန် စီစဉ်နေပြီး ၎င်း၏ ဝယ်ယူရေး မန်နေဂျာသည် Chuk Chin ကုမ္ပဏီထံမှ ပစ္စည်းအမျိုးမျိုးကို မှာယူခဲ့ခြင်း ဖြစ်သည်။ ICAC အနေဖြင့် အကျင့်ပျက်ခြစားမှု တိုင်ကြားချက်တစ်ခုကို လက်ခံရရှိပြီး စုံစမ်းစစ်ဆေးမှုအရ တရားခံသည် အဆိုပါ မှာယူမှုသုံးခုနှင့် ပတ်သက်၍ ဖူ့လမွန်း၏ ဝယ်ယူရေး မန်နေဂျာအား မှာယူမှုတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းဖြစ်သည့် ဟောင်ကောင်ဒေါ်လာ ၁၂,၀၀၀ ခန့်ကို အကျိုးအမြတ် ပေးကာ လာဘ်ထိုးမှုအဖြစ် ကမ်းလှမ်းခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ပေါက်ခဲ့သည်။

အဆိုပါအမှုကို စုံစမ်းစစ်ဆေးစဉ်အတွင်း ဖူ့လမွန်းအဖွဲ့သည် ICAC အား ပံ့ပိုးကူညီမှုများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဘာသာပြန်သူ<br>ဒေါ်စုမြတ်နိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး

Source - https://www.icac.org.hk/en/p/press/index_id_2239. html

# “၂၀၂၆ ခုနှစ် ဟနွိုင်းမြို့တော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကနဦးခြေလှမ်းများ”

ဟနွိုင်းမြို့တော်ပါတီအတွင်းရေးမှူး Nguyen Duy Ngoc ၏ ပြောကြားချက်အရ ဟနွိုင်းမြို့တော်အနေဖြင့် ၂၀၂၆ ခုနှစ်အစမှစ၍ အဂတိလိုက်စားမှုများကို ထိန်းချုပ်ရန်အတွက် စစ်ဆေးမှု၊ ကြီးကြပ်မှု၊ စာရင်းစစ်ဆေးမှုနှင့် လူထု၏ စောင့်ကြည့်မှုတို့ကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ဟနွိုင်းမြို့တော်၏ ၂၀၂၆ ခုနှစ်အတွက် ချမှတ်ထားသည့် အဓိကလုပ်ငန်းစဉ် (၁၀) ခုထဲမှ တစ်ခုဖြစ်ပြီး၊ မြို့တော်၏ စည်းကမ်းနှင့်သမာဓိရှိမှုကို ပိုမိုအားကောင်း လာစေရန် ရည်ရွယ်သည်။ ဇန်နဝါရီလ ၇ ရက်နေ့က ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ချက်နှင့် ၂၀၂၆ ခုနှစ် လုပ်ငန်းများစတင်ဆောင်ရွက်မည့် အစည်းအဝေးတွင် မြို့တော်ပါတီ အတွင်းရေးမှူး က ပြောကြားရာ၌ အများပြည်သူပိုင် ပစ္စည်းစီမံခန့်ခွဲမှု၊ မြေယာ၊ သယံဇာတ နှင့် ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲမှု ကဏ္ဍများတွင် အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးပြုပြီး လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်၏ ဦးစားပေးလုပ်ငန်းမှာ ကြန့်ကြာနေသော အမှုကိစ္စများနှင့် အကောင်အထည်မဖော်ရသေးသည့် စစ်ဆေးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အပြီးသတ်ဖြေရှင်းရန် ဖြစ်သည်။ ယင်းအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်များနှင့်အဖြေများကို ချမှတ်ထားမည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်မှု နှေးကွေးခြင်း သို့မဟုတ် ဖြုန်းတီးမှုနှင့် မမှန်မကန်လုပ်ဆောင်မှုများရှိသည့် အစိုးရ ရန်ပုံငွေနှင့် ပြင်ပရန်ပုံငွေသုံးစွဲသည့် စီမံကိန်းများကိုလည်း စောင့်ကြည့် စစ်ဆေးသွားမည် ဖြစ်ကြောင်း အဆိုပါ အတွင်းရေးမှူးက ပြောကြားခဲ့သည်။

မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဟနွိုင်းမြို့တော် ပါတီအတွင်းရေးမှူးက မြေယာ ဥပဒေချိုးဖောက်မှုများကို နိုင်ငံရေးဗျူရို၏ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်စစ်ဆေး အရေးယူသွားမည်ဟု ပြောကြားခဲ့သည်။ ထို့အပြင် အုပ်ချုပ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုများ ပြုလုပ်ပြီးနောင်တွင်လည်း ရုံးခန်းများ၊ အများပြည်သူပိုင်ပစ္စည်းများနှင့် နိုင်ငံပိုင်အိမ်ရာ ရန်ပုံငွေများကို အကျိုးရှိရှိ စီမံခန့်ခွဲပြီး ဖြုန်းတီးမှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။




အဂတိလိုက်စားမှု၊ ဖြုန်းတီးမှုနှင့် မမှန်မကန်လုပ်ဆောင်မှုများကို စောစီးစွာ ဖော်ထုတ်ပြီး ပြတ်ပြတ်သားသား အရေးယူသွားမည် ဖြစ်ကြောင်း၊ လက်ရှိကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှု အောက်တွင်ရှိနေသည့် အမှု (၅) ခုကိုလည်း စစ်ဆေးမှုနှင့် တရားစွဲဆိုမှုများကို အရှိန်မြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပါတီအတွင်းရေးမှူးက ပြောကြားခဲ့သည်။ ထို့အပြင် ပြည်သူများ၏ အာရုံစိုက်မှု အများဆုံးရရှိထားသည့် အရေးကြီးပြီး

ရှုပ်ထွေးသော အမှုများကိုလည်း သက်ဆိုင်ရာ အေဂျင်စီများက အနီးကပ်စောင့်ကြည့် လမ်းညွှန်သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ဗဟိုဦးဆောင်ကော်မတီက ထုတ်ပြန်ထားသည့် စစ်ဆေးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အတည်ပြုထားသော အစီအစဉ်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက် ရမည်ဖြစ်ကြောင်း ပါတီအတွင်းရေးမှူးက ပြောကြားခဲ့သည်။ ထို့အပြင် အသိပညာပေးခြင်း၊ ပညာပေးခြင်းနှင့် သမာဓိကျသော ယဉ်ကျေးမှု တည်ဆောက်ခြင်းတို့ကို အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အဂတိလိုက်စားမှုနှင့် ဖြုန်းတီးမှုဆိုင်ရာ သတင်းပေးပို့ချက်များကို လက်ခံရယူရာတွင်လည်း ဒစ်ဂျစ်တယ်စနစ်ကို ပိုမိုအသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် ကော်မတီသည် (၁၃) ကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက် သက်တမ်းနှင့် မြို့တော်၏ (၁၇) ကြိမ်မြောက် ပါတီကွန်ဂရက် သက်တမ်းကာလအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံရေးဗျူရို၏ ညွှန်ကြားချက်အမှတ်(၅၀) ကို (၁၀) နှစ်ကြာ အကောင်အထည်ဖော်ခဲ့မှုနှင့် ဟန္နိုင်းမြို့တော်ပါတီကော်မတီ၏ (၂၀၂၁-၂၀၂၅) ကာလအတွက် အစီအစဉ်အမှတ် (၁၀) ကိုလည်း ပြန်လည်သုံးသပ်ခဲ့ပါသည်။

ဦးဆောင်ကော်မတီသည် အဂတိလိုက်စားမှုနှင့် မမှန်မကန်လုပ်ဆောင်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ခြင်းများတွင် ပိုမိုပြတ်သားစွာ လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ပြည်သူများအလေးထားစောင့်ကြည့်နေသော ရှုပ်ထွေးသည့် အမှုကြီးများနှင့် မြို့တော်အဆင့်မှ ကြီးကြပ်ရသည့်အမှုများကို အဓိကထား ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်း ဟန္တိုင်းမြို့တော်၏ တရားရေးဆိုင်ရာ အေဂျင်စီနှစ်ခုသည် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အမှုပေါင်း ၂၁၉ မှု (တရားခံ ၄၆၀ ဦး) ကို ကိုင်တွယ်ခဲ့ပြီး၊ အမှုပေါင်း ၁၁၃ မှု (တရားခံ ၁၈၉ ဦး) ကို တရားစွဲဆိုခဲ့ကာ၊ အမှုပေါင်း ၉၈ မှု (တရားခံ ၁၆၃ ဦး) ကို ပထမအဆင့် တရားစီရင်ချက် ချမှတ်နိုင်ခဲ့သည်။ ဦးဆောင်ကော်မတီ အနေဖြင့် အမှုတစ်မှုကို တိုက်ရိုက်ကြီးကြပ်ခဲ့ပြီး၊ စောင့်ကြည့်မှု ပြုလုပ်ထားသည့် အမှု ၂၅ မှု အနက် ၂၀ မှုကို ဖြေရှင်းပြီးစီးခဲ့ကာ ကျန် ၅ မှုကို ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှုနှင့် မမှန်မကန် လုပ်ဆောင်မှုများ ဖြစ်ပွားနိုင်သည့် ကဏ္ဍများနှင့် နယ်ပယ်များတွင် စစ်ဆေးမှု၊ ကြီးကြပ်မှုနှင့် စာရင်းစစ်ဆေးမှုများကို ပိုမိုတင်းကျပ်စွာ လုပ်ဆောင်ခဲ့ပါသည်။ တာဝန်ရှိသူများသည် ချိုးဖောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန် စောစီးစွာ လှုပ်ရှားဆောင်ရွက်ခဲ့ပြီး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုများကို အခွင့်ကောင်းယူ၍ အမှားအယွင်းများ ပြုလုပ်ခြင်းမှ တားဆီးနိုင်ခဲ့ပါသည်။

ထို့အပြင် ဦးဆောင်ကော်မတီသည် ဆုံးရှုံးမှုနှင့် ဖြုန်းတီးမှု ဖြစ်ပွားနိုင်သည့် ကြန့်ကြာနေသော စီမံကိန်းများနှင့် အကျိုးသက်ရောက်မှု မရှိသော စီမံကိန်းများကို ပြန်လည်စစ်ဆေး အရေးယူရန် လမ်းညွှန်ခဲ့ပါသည်။ အုပ်ချုပ်ရေးစနစ်ကို ပိုမိုခိုင်မာအားကောင်းစေရန် ပြုပြင်ပြောင်းလဲစဉ်အတွင်း အများပြည်သူပိုင် အိမ်ရာများနှင့် ပိုင်ဆိုင်မှုများကို ပွင့်လင်းမြင်သာပြီး ထိရောက်စွာ အသုံးပြုနိုင်စေရန်အတွက်လည်း အနီးကပ် ကြီးကြပ် ဆောင်ရွက်ခဲ့ပါသည်။

တာဝန်ရှိသူများသည် အဂတိလိုက်စားမှုနှင့် ဖြုန်းတီးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဥပဒေရေးရာ ပညာပေးခြင်းတို့ကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် ဖခင်ကြီးများ တပ်ဦး (Fatherland Front) အဖွဲ့အစည်းများ၊ မီဒီယာများနှင့် အများ

ပြည်သူတို့၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခဲ့ပြီး၊ ပြည်သူများ စိတ်ဝင်စားသည့် အရေးကြီးပြီး ရှုပ်ထွေးသော အမှုများ၏ စစ်ဆေးမှုရလဒ်နှင့် အရေးယူဆောင်ရွက်ချက်များကိုလည်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဦးဆောင် ကော်မတီသည် ၂၀၂၆ ခုနှစ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုခဲ့ပြီး၊ ယင်းစာတမ်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ထုတ်ပြန်နိုင်ရန်အတွက် ၎င်း၏ အမြဲတမ်းအဖွဲ့အား နောက်ဆုံးပြင်ဆင်မှုများ လုပ်ဆောင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ဘာသာပြန်သူ<br>ဒေါ်ဖြိုးဖြိုး<br>ဦးစီးအရာရှိ

Source - https://hanoitimes.vn/hanoi-moves-early-to-rein-in-corruption-and-waste-in-2026.956266.html

“အဂတိလိုက်စားမှုတွေကို အဆုံးမသတ်နိုင်သရွေ့<br>ဆင်းရဲနွမ်းပါးမှုကို အဆုံးမသတ်နိုင်ဘူး”<br>https://cgs-bd.com/article/2350/We-Cannot-End-Poverty-Without-Ending-Corruption

## “တူရကီနှင့် ကေးကို့စ်ဝန်ကြီးချုပ်ဟောင်းနှင့် အပေါင်းအပါ နှစ်ဦးတို့ အဂတိလိုက်စားမှုဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်”


တူရကီနှင့် ကေးကို့စ်ကျွန်းစု၏ ဝန်ကြီးချုပ်ဟောင်း မိုက်ကယ် မစ်ဆစ်သည် အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းရှင်များထံမှ အစိုးရ ပိုင်မြေ ကေပေါင်းများစွာကို လွှဲပြောင်းပေးမှုနှင့် ဆက်နွယ်သည့် အဂတိ လိုက်စားမှု စွဲချက်များဖြင့် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် အပြစ်ရှိကြောင်း စီရင် ချက်ချခြင်း ခံခဲ့ရသည်။

မိုက်ကယ် မစ်ဆစ်နှင့်အတူ ၎င်း၏ညီဖြစ်သူ ရှေ့နေ သောမတ်စ် ချမ်းမားစ်မစ်ဆစ် နှင့် မြေယာနှင့် သဘာဝသယံဇာတ ဝန်ကြီးဟောင်း မက်အယ်လစ္စတာ ဟန်ချဲလ် တို့လည်း အတူတကွ တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။

နာရီပေါင်းများစွာ ကြာမြင့်သည့် ကြားနာစစ်ဆေးမှုတွင် တရားသူကြီး ရာဂျန်ဒရာနရန်း က ၎င်းတို့သည် ပရိုဗီဒန်စီယေးလ်ရှိ အပါအဝင် တို့ရှိ မြေယာအရောင်းအဝယ် ကိစ္စရပ်များမှတစ်ဆင့် ဒေါ်လာသန်း ၂၀ ကျော် လာဘ်ယူခဲ့ကြောင်း ဆုံးဖြတ်ခဲ့သည်။ မိုက်ကယ်မစ်ဆစ်အား လာဘ်ယူမှု (၃) မှုဖြင့်လည်းကောင်း၊ မက်အယ်လစ္စတာ ဟန်ချဲလ်အား လာဘ်ယူမှု (၂) မှုဖြင့်လည်းကောင်း၊ သောမတ်စ်မစ်ဆစ်အား ငွေကြေး ခဝါချမှု (၄) မှုတို့ဖြင့် ပြစ်ဒဏ် ထင်ရှားစီရင်ခံရသည်။

၎င်းတို့သုံးဦးကို ၂၀၁၁ ခုနှစ်ကတည်းက စွဲချက်တင်ခဲ့ပြီး အဂတိ လိုက်စားမှုများ ရှိနေကြောင်း စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ တွေ့ရှိချက် များဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ဝန်ကြီးချုပ်တာဝန်ယူခဲ့သော မိုက်ကယ် မစ်ဆစ်သည် ၂၀၀၉ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ထို့အပြင် ဗြိတိန်အစိုးရက တူရကီနှင့် ကေးကို့စ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဖျက်သိမ်းကာ အခြေခံဥပဒေ၏ အချို့သော အစိတ်အပိုင်းများကို ၂၀၀၉

ခုနှစ်တွင် ရုပ်ဆိုင်းခဲ့ပြီး၊ ၂၀၁၂ ခုနှစ်ကျမှသာ အခြေခံဥပဒေသစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြန်လည်ပေးအပ်ခဲ့သည်။



# Former Turks and Caicos premier and two others found guilty in corruption trial

Former Turks and Caicos Premier Michael Misick was on Wednesday found guilty of multiple corruption charges related to the granting of hundreds of acres of crown land to developers.

Misick was charged alongside his brother, Thomas Chalmers Misick, an attorney, and McAllister Hanchell, a former minister of land and natural resources.

In an hours-long hearing, Justice Rajendra Narine found that they accepted more than $20 million in bribes in deals related to Beaches Resort in Providenciales, as well as land on Salt Cay and West Caicos.

Michael Misick was found guilty of three counts of bribery, while Hanchell was convicted on two counts of bribery and Thomas Misick was convicted on four counts of money laundering.

The three men were charged more than a decade ago in 2011, following a commission of inquiry which found evidence of systemic corruption. The findings led to Misick's 2009 resignation from his post as premier, which he had held from 2006.

The findings also led the British government to suspend parts of the Turks and Caicos constitution in 2009, removing self-governance, which was eventually restored in 2012 with a new constitution.

The proceedings against the three men began in 2015, but faced repeated delays.

A sentencing hearing is scheduled for May 4. Narine granted all three men bail pending sentencing, with Michael Misick's bail set at $15 million, Hanchell's at $4 million, and Thomas Misick's at $13 million.

ၾင်းတို့သုံးဦးအပေါ် တရားစွဲဆိုမှုများကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သော်လည်း ကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြစ်ဒဏ် ချမှတ်မည့် ကြားနာမှုကို မေလ ၄ ရက်နေ့တွင် ပြုလုပ်ရန် သတ်မှတ်ထားသည်။ တရားသူကြီး နရိန်းက ၎င်းတို့အား ပြစ်ဒဏ်မချမှတ်မီ အာမခံဖြင့် ခေတ္တလွှတ်ပေးခဲ့ရာ မိုက်ကယ် မစ်ဆစ်အတွက် အာမခံကြေး ဒေါ်လာ ၁၅ သန်း၊ ဟန်ချဲလ်အတွက် ဒေါ်လာ ၄ သန်းနှင့် သောမတ်စ် မစ်ဆစ် အတွက် ဒေါ်လာ ၁၃ သန်း အသီးသီး သတ်မှတ်ခဲ့သည်။

ဘာသာပြန်သူ
ဒေါ်ခိုင်ဝေနွယ်
ဦးစီးအရာရှိ

Source - https://www.thenassauguardian.com/news/former-turks-and-caicos-premier-and-two-others-found-guilty-in-corruption-trial/article_161fc19d-a15b-4e7c-a8ff-f72a04ef2236. html

## “ဆယ်စုနှစ်များအတွင်း ပျမ်းမျှရမှတ် အနည်းဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့က ထုတ်ပြန်”

အဂတိလိုက်စားမှု စောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝှမ်းရှိ ဒီမိုကရေစီ နိုင်ငံများတွင် အဂတိလိုက်စားမှု အခြေအနေများ ပိုမိုဆိုးရွားလာကြောင်း ၎င်း၏ နောက်ဆုံးထုတ် အစီရင်ခံစာတွင် သတိပေးဖော်ပြထားပါသည်။ အမေရိကန်ပြည်ထောင်စု၏ ရမှတ်သည် အနိမ့်ဆုံး အဆင့်သို့ ကျဆင်းသွားသည့်အတွက် အမေရိကန်ပြည်ထောင်စု ၏ တိုးတက်မှု အခြေအနေနှင့် ကမ္ဘာတစ်ဝန်းရှိ ရန်ပုံငွေဖြတ်တောက်မှုများနှင့်စပ်လျဉ်း၍ သက်ရောက်မှုအပေါ် စိုးရိမ်ပူပန်မှု မြင့်တက်စေပါသည်။

ဂျာမနီနိုင်ငံ၊ ဘာလင်အခြေစိုက် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှု အဖွဲ့ (Transparency International - TI) ၏ ၂၀၂၅ ခုနှစ် အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သော အဂတိလိုက်စားမှု သဘောထားအမြင်ညွှန်းကိန်း (CPI) အရ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှရမှတ်မှာ ၄၂ မှတ်သို့ ရောက်ရှိသွားသည့်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆယ်စုနှစ်တစ်ခုကျော်တွင် အနိမ့်ဆုံးရမှတ် ဖြစ်ပါသည်။ အဆိုပါ ညွှန်းကိန်းသည် ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အကဲဖြတ်ချက်များအပေါ် အခြေခံ၍ အဂတိလိုက်စားမှု အမြင့်ဆုံးမှ အဂတိလိုက်စားမှု အနည်းဆုံးဖြစ်ပွားမှုအား တိုင်းတာသတ်မှတ် ထားခြင်းဖြစ်ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယခင်ခုနှစ်အစောပိုင်းတွင် အိမ်ဖြူတော်သို့ ပြန်လည် ရောက်ရှိလာပြီးနောက် ပြည်တွင်းပြည်ပ မူဝါဒများကို ပြောင်းလဲခဲ့ပြီး တက္ကသိုလ်များမှ အမေရိကန် ဗဟိုဘဏ်အထိ အဖွဲ့အစည်းများအပေါ် ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရုမ်းပါဝဲလ်သည် အတိုးနှုန်းလျှော့ချရန် ထရန့်၏

ဖိအားပေးမှုကို ငြင်းဆန်ခဲ့ပြီးနောက် လက်ရှိတွင် တရားရေးဌာန ၏ စုံစမ်းစစ်ဆေးမှုကို ခံနေရပါသည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့သည် အမေရိကန်ပြည်ထောင်စု ရှိ "လွတ်လပ်သောအသံနှင့် တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်မှုကို ထိပါးစေသည့် လုပ်ဆောင်ချက်များ" အပေါ် အလေးထားကြောင်း ဖော်ပြခဲ့ပါသည်။ "နိုင်ငံရပ်ခြား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ (FCPA) ကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်မှုအားနည်းလာခြင်းတို့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စီးပွားရေးလုပ်ထုံးလုပ်နည်းများကို ခွင့်ပြုလိုက်သည့် သဘောဖြစ်သည်" ဟု အစီရင်ခံစာက ဖော်ပြထားပါသည်။

အမေရိကန်ပြည်ထောင်စု၏ CPI အဆင့်ကျဆင်းမှု ထရန့်အစိုးရ၏ ပြည်ပအကူအညီများ ဖြတ်တောက်မှုသည်လည်း ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကို အားနည်းစေခဲ့သည်။ အမေရိကန်၏ CPI ရမှတ်သည် ၂၀၂၄ ခုနှစ်တွင် ၆၅ မှတ်ရှိရာမှ ၆၄ မှတ်သို့ ကျဆင်းခဲ့သည်။ ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ရမှတ် ၁၀ မှတ်အထိ ကျဆင်းခဲ့ပြီး နိုင်ငံရေး အခြေအနေမှာ ဆယ်စုနှစ် တစ်ခုကျော်ကြာ ယိုယွင်းလာနေကြောင်း ဖော်ပြထားပါသည်။

နိုင်ငံပေါင်း ၁၈၀ အနက် ၁၂၂ နိုင်ငံသည် ရမှတ် ၅၀ အောက်သာရရှိသဖြင့် နိုင်ငံအများစုသည် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်ပျက်ကွက်နေကြသည်။ သို့သော် အက်စတိုးနီးယား (၇၆ မှတ်)၊ ဆေးရှဲလ် (၆၈ မှတ်) နှင့် တောင်ကိုရီးယား (၆၃ မှတ်) အပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံမှာ သိသာစွာ တိုးတက်လာခဲ့သည်။

အဆိုးဆုံးဖြစ်သော ဥရောပသမဂ္ဂ (EU) အဖွဲ့ဝင်နိုင်ငံများဥရောပသမဂ္ဂတွင် ဘူလ်ဂေးရီးယားနှင့် ဟန်ဂေရီတို့သည် ၄၀ မှတ်စီဖြင့် အနိမ့်ဆုံးဖြစ်နေသည်။ ဟန်ဂေရီနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစ၍ အာဏာရရှိခဲ့သော ဗစ်တာအော်ဘန်အစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့်

ရွေးကောက်ပွဲဆိုင်ရာ ဂုဏ်သိက္ခာကို ၁၀ နှစ်ကျော်ကြာ အားနည်းစေခဲ့ပါသည်။ အဆိုပါအချက်သည်အများပြည်သူဆိုင်ရာ တင်ဒါလုပ်ငန်းများ မှ တစ်ဆင့် ငွေနှင့် နီးစပ်သူများထံသို့ ယူရိုဘီလီယံပေါင်းများစွာ စီးဆင်းစေရန် လမ်းဖွင့်ပေးခဲ့ပါသည်။

အစီရင်ခံစာတွင် ဒိန်းမတ်နိုင်ငံသည် ၈၉ မှတ်ဖြင့် ၈ နှစ် ဆက်တိုက် ထိပ်ဆုံးတွင် ရှိနေပြီး ဖင်လန်နှင့် စင်ကာပူတို့က နောက်မှ လိုက်ပါသည်။ တောင်ဆူဒန်နှင့် ဆိုမာလီယာတို့မှာ ၉ မှတ်စီဖြင့် အောက်ဆုံးတွင် ရှိနေသည်။

ယူကရိန်းနိုင်ငံသည် ၃၆ မှတ် ရရှိခဲ့ပြီး တိုးတက်မှုရှိသော နိုင်ငံအဖြစ် ဖော်ပြခံရပါသည်။ ယူကရိန်းသမ္မတ ဇလန်းစကီးအစိုးရသည် အဂတိလိုက်စားမှု စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသော်လည်း အဆိုပါ အရှုပ်တော်ပုံများကို ဖော်ထုတ်နိုင်ခြင်းသည် ယူကရိန်းနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ယန္တရားသစ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သက်သေပြနေခြင်းဖြစ်သည်ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ချီးကျူးခဲ့ပါသည်။

ရုရှားနိုင်ငံနှင့် (၄) နှစ်ခန့် စစ်ဖြစ်ပွားလျက်ရှိသော်လည်း သမ္မတဗိုလိုဒီမာဇယ်လန်းစကီး အစိုးရသည် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ ပြည်သူလူထုအကြား ပျံ့နှံ့နေသော စွပ်စွဲချက်များဖြင့် ရင်ဆိုင်နေရပါသည်။

သို့ရာတွင် အဂတိလိုက်စားမှု လေ့လာစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် အဂတိလိုက်စားမှုဆိုင်ရာ အရှုပ်တော်ပုံများကို ဖော်ထုတ်နိုင်ခြင်းသည် ယူကရိန်းနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ယန္တရားသစ်အနေဖြင့် ထိရောက်မှုရှိသည်ဟု ဖော်ပြထားပါသည်။

စောင့်ကြည့် လေ့လာရေးအဖွဲ့အနေဖြင့် ယခင်နှစ်အများပြည်သူဆိုင်ရာလှုပ်ရှားမှုနှင့် စပ်လျဉ်း၍ ဂုဏ်ပြုစကားပြောခဲ့ပါသည်။ အဆိုပါ လှုပ်ရှားမှုများကြောင့် ဇယ်လန်းစကီးအနေဖြင့် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးအဖွဲ့များ၏ လွတ်လပ်စွာရပ်တည်မှုအား ကန့်သတ်ရန် ကြိုးစားခြင်းအား ပြန်လည်ရုပ်သိမ်းသွားခြင်း ဖြစ်ပါသည်။




ဘာသာပြန်သူ
အိအိကျော်
ဦးစီးအရာရှိ

Source - https://www.aljazeera.com/

“အဂတိလိုက်စားတယ်ဆိုတာ ကိုယ်ကျင့်တရား ပျက်ယွင်းတဲ့ လုပ်ရပ်ဖြစ်လို့ ရှောင်နိုင်အောင်ကြိုးစားရမှာပါ”

# “မလေးရှားနိုင်ငံ၏ အဆင့်မြင့် စစ်ဘက်ဆိုင်ရာ ဗိုလ်ချုပ်ကြီးဟောင်း (၂) ဦး ကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုမည်”

လူသိအများဆုံး စစ်ဘက်ဆိုင်ရာအဂတိလိုက်စားမှုများအနက် အမှုတစ်ခုတွင် ထိပ်တန်းစစ်ဘက်အရာရှိကြီးဟောင်း နှစ်ဦးကို ယခု သီတင်းပတ်အတွင်း တရားရုံး၌ တရားစွဲဆို သွားမည်ဖြစ်ကြောင်း မလေးရှား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာ ပစ္စည်းဝယ်ယူမှု သဘောတူညီချက်များတွင် မမှန်မကန် လုပ်ဆောင်ခဲ့သည် ဟူသော စွပ်စွဲချက်များဖြင့် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ပြီးနောက်၊ ကြည်းတပ်ဦးစီးချုပ်ဟောင်း ဟာဖီဇူဒီးန် ဂျန်တန်နှင့် ၎င်း၏ဇနီး ဆယ်လ်ဝါနီ အန်နွာ အပြင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဟောင်း မိုဟာမက် နီဇမ် ဂျာဖာတို့ကို တရား စွဲဆိုရန် ရှေ့နေချုပ်ထံမှ ခွင့်ပြုချက် ရရှိထားပြီးဖြစ်ကြောင်း ကော်မရှင်က ဆိုသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ်နှောင်းပိုင်းအထိ ကြည်းတပ်ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့သူ ဟာဖီဇူဒီးန်နှင့် ၎င်း၏ဇနီး တို့ကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့သူ မိုဟာမက် နီဇမ်မှာမူ လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်မှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု စသည့် စွဲချက်များဖြင့် ရင်ဆိုင်ရမည် ဖြစ်သည်။

အသက် ၅၇ နှစ်အရွယ်ရှိ ဟာဖီဇူဒီးန်သည် ပြီးခဲ့သည့် ဒီဇင်ဘာလ တွင် လုပ်ငန်းတာဝန်များမှ ရပ်ဆိုင်းခံခဲ့ရပြီး ဇန်နဝါရီလတွင် သက်ပြည့် ပင်စင်မတိုင်မီ စောစီးစွာ အနားယူခဲ့သူဖြစ်သည်။ အသက် ၅၉ နှစ် အရွယ်ရှိ မိုဟာမက် နီဇမ်သည်လည်း ယခုလအတွင်း အနားယူခဲ့သည်။

စစ်ဘက်ဆိုင်ရာ ပစ္စည်းဝယ်ယူရေး ကန်ထရိုက်များတွင် လာဘ်ပေး လာဘ်ယူမှုများ၊ မမှန် မကန်မှုများနှင့် ဂိုဏ်းဖွဲ့ခြယ်လှယ်မှုများ ရှိနေကြောင်း တိုင်ကြားချက်များကြောင့် ပြီးခဲ့သည့်လတွင် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးခံနေရသူများမှာ အဆင့်မြင့် အရာရှိကြီး များဖြစ်သောကြောင့် အလွန်အကဲဆတ်သည့် စုံစမ်းစစ်ဆေးမှုအဖြစ် ကော်မရှင်က သတ်မှတ်ထားသည်။




# Malaysia to charge 2 former generals in high-profile military corruption case

Updated 6:25 PM GMT+6:30, January 21, 2026



KUALA LUMPUR, Malaysia (AP) — Malaysia's anti-corruption agency said Wednesday that two former top military commanders will appear in court this week in one of the country's most high-profile military corruption cases.

The Malaysian Anti-Corruption Commission said it has obtained consent from the Attorney General to charge former army chief Hafizuddiean Jantan and his wife Salwani Anuar, as well as former defence forces chief Mohamad Nizam Jaafar following investigations into alleged irregularities in defense procurement deals.

လက်ရှိတွင် စစ်တပ်ကန်ထရိုက်များရရှိရန် ပူးပေါင်းကြံစည်သည်ဟု သံသယရှိရသော ကုမ္ပဏီများကို ဝင်ရောက်စီးနင်းခြင်း၊ အဆင့်မြင့် အရာရှိများကို ဖမ်းဆီးခြင်းနှင့် ကာကွယ်ရေးကန်ထရိုက်များနှင့် ဆက်စပ်သည်ဟု ယူဆရသည့် သန်းနှင့်ချီသော ရင်းဂစ် ငွေကြေးများ၊ ဖိမ်ခံပစ္စည်းများနှင့် ဘဏ်စာရင်းများကို သိမ်းဆည်း ပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သည်။

မလေးရှားနိုင်ငံတွင် ယခင်က အဆင့်နိမ့်အရာရှိများနှင့် အနားယူပြီးသား စစ်ဘက်အရာရှိများကို တရားစွဲဆိုခဲ့ဖူးသော်လည်း၊ နိုင်ငံ၏

အမြင့်ဆုံးစစ်ဘက်ရာထူးများဖြစ်သည့် ကြည်းတပ်ဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းများကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခြင်းမှာ ယခု အကြိမ်သည် ပထမဆုံးဖြစ်ဖွယ်ရှိသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ပြောကြားချက်အရ အခြားအဆင့်မြင့် စစ်ဘက်အရာရှိ နှစ်ဦးကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိပြီး လက်ရှိတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိ နေပြီဖြစ်ကြောင်းသိရသည်။ စုံစမ်းစစ်ဆေးမှုဆိုင်ရာ မှတ်တမ်းများကို ဆက်လက်အရေးယူနိုင်ရန် ဥပဒေအရာရှိများထံ မကြာမီ တင်ပြသွားမည်ဖြစ်သည်။ ဝန်ကြီးချုပ်အန်နဝါ အီဘရာဟင်ကလည်း ပြီးခဲ့သည့်အပတ်က စစ်ဘက်ဆိုင်ရာပစ္စည်းဝယ်ယူရေး ကန်ထရိုက်များအားလုံးကို ဥပဒေနှင့်အညီ ဖြစ်စေရန်ပြန်လည်စိစစ်နေစဉ်အတွင်း ခေတ္တရပ်ဆိုင်းထားရန် အမိန့်ထုတ်ပြန်ထားသည်။


ဗုဒ္ဓဟူးနေ့အစောပိုင်းတွင် ဝန်ကြီးချုပ် အန်နဝါက ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုကဏ္ဍသည် လုပ်ပိုင်ခွင့်အလွဲသုံးစားပြုမှုများနှင့် ပွင့်လင်းမြင်သာမှုမရှိသော လုပ်ဆောင်ချက်များ ဖြစ်ပွားရန် အချိန်ကြာမြင့်စွာအားနည်းချက်ရှိနေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့ပြင် ဝယ်ယူမှုဆိုင်ရာ စိစစ်ကြပ်မတ်မှုများ တင်းကျပ်ရန်၊ ခိုင်မာသော ပြည်တွင်းထောက်ပံ့မှု ကွင်းဆက်တစ်ခု တည်ဆောက်ရန်နှင့် ပြည်ပထောက်ပံ့သူများအပေါ် မှီခိုနေရမှုကို လျှော့ချရန်အတွက် စီမံချက် အသစ်များကိုကြေညာခဲ့သည်။

"ကျွန်တော်တို့အားလုံး သိကြတဲ့အတိုင်း ကာကွယ်ရေးကဏ္ဍဟာအလွဲသုံးစားလုပ်ခြင်း နဲ့ ခိုးယူခြင်းတွေ ကျူးလွန်ရာနေရာ ဖြစ်ခဲ့ပါတယ်။ ကာကွယ်ရေးကဏ္ဍက အဂတိလိုက်စားမှုဟာ ဘဏ္ဍာရေးဆိုင်ရာပြဿနာသက်သက်တင်မဟုတ်ဘဲ နိုင်ငံတော်လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။ ဆက်လက်၍ ၎င်းက "ကျွန်တော်တို့အနေနဲ့ ကိုယ်ကျိုးစီးပွား ရှာတာတွေ၊ ကော်မရှင်ခ

ယူတာတွေနဲ့ ကြွယ်ဝချမ်းသာမှုကိုပဲ ရှေ့တန်းတင်နေတဲ့ သံသယဖြစ်ဖွယ် လုပ်ရပ်တွေကြားမှာပိတ်မိနေဦးမယ်ဆိုရင်ခိုင်မာတဲ့ကာကွယ်ရေး အခြေခံ အုတ်မြစ်ကို တည်ဆောက်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး" ဟု ပြောကြားခဲ့ သည်။

ဘာသာပြန်သူ
ဒေါ်ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

Source - https://apnews.com/article/malaysia-military-chiefs-corruption-c47789e197b53d941123ad89bc05a745



## “အစိုးရအတွင်း အကျင့်ပျက်ခြစားမှုများကြောင့် တောင်ဆူဒန်တွင် လူ့အခွင့်အရေးအကျပ်အတည်း ဖြစ်ပွား နေကြောင်း လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် ထုတ်ဖော်”

တောင်ဆူဒန်နိုင်ငံတွင်“စနစ်တကျအစိုးရအဂတိလိုက်စားမှုများ” နှင့် “နိုင်ငံရေးအထက်တန်းလွှာများ၏ မရှက်မကြောက် အမြတ်ထုတ်မှုများ” ကြောင့် လူ့အခွင့်အရေးအကျပ်အတည်း ဖြစ်ပွားနေပြီး အရေးပေါ်ဖြေရှင်းရမည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က အင်္ဂါနေ့ ထုတ်ပြန်သည့် အစီရင်ခံစာအသစ်တွင် ဖော်ပြထားသည်။

နှစ်နှစ်ကြာ လွတ်လပ်စွာ စုံစမ်းစစ်ဆေးမှုများနှင့် ခွဲခြမ်းသုံးသပ်ချက်များအပေါ် အခြေခံထားသည့် အစီရင်ခံစာတွင် ရေနံဝင်ငွေများနှင့် ရေနံမဟုတ်သော ဝင်ငွေများကို မရှင်းလင်းသည့် စီမံကိန်းများနှင့် နိုင်ငံရေးဆက်နွယ်မှုရှိသော စာချုပ်များမှတဆင့် ခွဲထုတ်ယူနေကြောင်း ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် တောင်ဆူဒန်လူမျိုး သန်းချီ ရှိသည့်အနက် အများစုသည် အခြေခံဝန်ဆောင်မှုများကို မရရှိကြပေ။

ကော်မရှင်ဥက္ကဋ္ဌ ယာစမင်ဆူကာက “ဤအစီရင်ခံစာသည် တစ်နိုင်ငံလုံး လုယက်ခံနေရသည့် အဖြစ်အပျက်ကို ဖော်ပြနေခြင်းဖြစ်သည်။ အကျင့်ပျက်ခြစားမှုသည် မတော်တဆဖြစ်ပေါ်ခြင်း မဟုတ်ဘဲ တောင်ဆူဒန်၏ ပျက်စီးဆုတ်ယုတ်မှုကို မောင်းနှင်နေသော အင်ဂျင်ဖြစ်သည်” ဟု ပြောကြားခဲ့သည်။

ထို့အပြင် “၎င်းသည် ဆာလောင်မွတ်သိပ်မှုကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးစနစ်များ ပြိုလဲစေကာ ကာကွယ်နိုင်သည့် သေဆုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် သယံဇာတအတွက် သတ်ဖြတ်ပဋိပက္ခများကိုလည်း လောင်ကျွမ်းစေသည်” ဟု ဆိုသည်။

၂၀၁၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိချိန်တွင် တောင်ဆူဒန်သည် ဆူဒန်နှင့် ဆယ်စုနှစ်များကြာ စစ်ပွဲအကြမ်းဖက်မှုများမှ ထွက်ပေါ် လာခဲ့

သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီး ၁၄ နှစ်ကျော်လာ သော်လည်း အုပ်ချုပ်သူအလွှာများသည် သယံဇာတထိန်းချုပ်မှုအတွက် ယှဉ်ပြိုင်နေဆဲဖြစ်သည်။

အစီရင်ခံစာအရ ၂၀၁၁ခုနှစ်မှ စတင်ကာ ရေနံဝင်ငွေတစ်ခု တည်းသာပင် အမေရိကန်ဒေါ်လာ ၂၅.၂ ဘီလျံကျော် ဝင်ရောက်ခဲ့သော်လည်း အခြေခံဝန်ဆောင်မှုများသို့ မရောက်ရှိကြောင်း ဖော်ပြထားသည်။ စနစ်တကျ အဂတိလိုက်စားမှုများကြောင့် ပညာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် တရားရေးစနစ်များသည် အကျပ်အတည်းတွင် ရှိနေကြသည်။



ကော်မရှင်အဖွဲ့ဝင် ကားလို့စ်ကက်စထရီဆာနာ ဖာနန်ဒက်ဇ်က “ဤငွေလွှဲပြောင်းသုံးစွဲမှုများသည် စာရင်းအင်း ပျက်ကွက်မှုသာမက ကာကွယ်နိုင်သည့် သေဆုံးမှုများ၊ အာဟာရချို့တဲ့မှုများနှင့် ပညာရေးမှ ခွဲထုတ်ခံရမှုများကို ဖြစ်ပေါ်စေသည်” ဟု ပြောကြားခဲ့သည်။

‘Oil for Roads’ အစီအစဉ်သည် လမ်းများတည်ဆောက်ရန် ရည်ရွယ်ခဲ့သော်လည်း အောင်မြင်စွာ အကောင် အထည်မဖော်နိုင်ခဲ့ပေ။ ခန့်မှန်းအားဖြင့် ဒေါ်လာ ၂.၂ ဘီလျံခန့်ကို ဘဏ္ဍာစာရင်းအပြင်မှ

နိုင်ငံရေးအကျိုးဆက် ကွန်ယက်များသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် Crawford Capital ဟုခေါ်သော နိုင်ငံရေးဆက်နွယ်မှုရှိသည့် ကုမ္ပဏီမှ ရေနံမဟုတ်သော ဝင်ငွေကောက်ခံမှုများတွင် အစိုးရဘဏ္ဍာသို့ အခွန်ဝင်ငွေများ မရောက်ရှိသလို လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအပေါ် တရားမဝင်အခွန်ကောက်ခံမှုများပြုလုပ်ကာ အစားအစာ ကူညီရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေကြောင်း ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဖွဲ့စည်းပုံပြောင်းလဲမှုနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးကို ကတိပြုထားသော်လည်း လုံလောက်စွာ ငွေထောက်ပံ့ခြင်းနှင့် အကောင်အထည်ဖော်မှု မရှိသေးကြောင်း ဖော်ပြထားသည်။

အစီရင်ခံစာတွင် အကြံပြုချက် ၅၄ ချက် ပါဝင်ပြီး ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်း နိုင်ရန်၊ တာဝန်ယူမှုခိုင်မာစေရန်နှင့် အပြစ်မပေးခြင်းအလေ့အထကို အဆုံးသတ်နိုင်ရန် ရည်ရွယ်ထားသည်။

ဘာသာပြန်သူ
ဒေါ်သက်နှင်းစု
လက်ထောက်ညွှန်ကြားရေးမှူး

Source - [https://news.un.org/en/story/2025/09/1165862](https://news.un.org/en/story/2025/09/1165862)

“အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်
အဖြစ်ခံယူဆောင်ရွက်လျက်ရှိသည်”

# "UNODC ၏ ပူးပေါင်းကူညီမှုဖြင့် မွန်တီနီဂရိုနိုင်ငံ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လုပ်ဆောင်ချက် အစီအစဉ်သစ် ပြင်ဆင်ပြီးစီး"

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC) သည် မွန်တီနီဂရိုနိုင်ငံ၏ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအေဂျင်စီနှင့် ပူးပေါင်းကာ အမျိုးသား အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး မဟာဗျူဟာ အကောင်အထည်ဖော်မှုကို စောင့်ကြည့်သည့် လုပ်ငန်းအဖွဲ့အား ထောက်ပံ့ ကူညီ၍ ၂၀၂၄-၂၀၂၈ အမျိုးသား မဟာဗျူဟာအောက်ရှိ Action Plan အသစ်ကို အပြီးသတ်ရေးဆွဲနိုင်ရန် ရည်ရွယ်သည့် သုံးရက်တာ ဆွေးနွေးပွဲ ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ဝင်များနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်ကာ ၂၀၂၆-၂၀၂၇ ကာလကို လွှမ်းခြုံမည့် နှစ်နှစ်တာ လုပ်ဆောင်ချက်အစီအစဉ်အတွက် အဓိက ဦးစားပေးလုပ်ငန်းများ၊ တာဝန်

ဝတ္တရားများနှင့် အချိန်ဇယားများကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် ပြည်သူ့အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှု မြှင့်တင်ရန် အဓိကဆောင်ရွက်ချက် တစ်ခု ဖြစ်လာမည်ဖြစ်သည်။

စောင့်ကြည့်အဖွဲ့အနေဖြင့် အကျင့်ပျက်ခြစားမှုအန္တရာယ် လျှော့ချရေး လုပ်ငန်းများကို စိစစ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပြီး ၎င်း၏ လုပ်ငန်းတာဝန်များတွင် ဥပဒေများနှင့် မူဝါဒအကောင် အထည်ဖော်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း၊ စိန်ခေါ်မှုများနှင့် အတားအဆီး များကို ဖော်ထုတ်ခြင်းနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လုပ်ဆောင် ချက်များကို တိုးတက်ကောင်းမွန်စေရန် အကြံပြုချက်များ တင်ပြခြင်းတို့ ပါဝင်သည်။ ထို့အပြင် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း များနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ပူးပေါင်းခြင်းမှ တစ်ဆင့် မဟာဗျူဟာ အကောင်အထည်ဖော်မှုတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရန် အထောက်အကူ ပြုလျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း ပါဝင်သူများသည် အစီအစဉ်ကာလ အဆုံးတွင် ထိရောက်သော ရလဒ်များ ရရှိစေရန် မျှော်မှန်းထားသည့် လုပ်ဆောင်ချက်များကို ပြုစုသတ်မှတ်ပြီး Action Plan အား အပြီးသတ်ရေး ဆွဲခဲ့သည်။ Action Plan အသစ်သည် ၂၀၂၄–၂၀၂၈ အမျိုးသား အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေး မဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်ပြီး အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဥပဒေ ပြုရေးတိုးတက်ကောင်းမွန်စေခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအတွင်း ပွင့်လင်း မြင်သာမှုတိုးမြှင့်ခြင်း၊ အများပြည်သူ ဝယ်ယူရေးလုပ်ငန်းများတွင် အကျင့်ပျက်ခြစားမှုများအား တားဆီးကာကွယ်ခြင်း၊ သတင်းပေး ဖော်ထုတ်သူများ (whistleblowers) အား အကာအကွယ်ပေးရေး စနစ် အား တိုးမြှင့်ခြင်း၊ ပညာရေးနှင့် ပြည်သူ့အသိ ပညာပေးလုပ်ငန်းစဉ်များ အား မြှင့်တင်ခြင်းတို့ကို ဦးစားပေးထားသည်။

တစ်ချိန်တည်းတွင် ၂၀၂၄–၂၀၂၅ Action PLan အကောင်အထည်ဖော်မှု နောက်ဆုံးအစီရင်ခံစာကိုလည်း အပြီးသတ်ရေးဆွဲနေပြီး ၂၀၂၆ မတ်လတွင် အသစ်ရေးဆွဲထားသော ၂၀၂၆–၂၀၂၇ Action Plan အား မွန်တီနီဂရိုအစိုးရမှ အတည်ပြုမည်ဟု မျှော်မှန်းထားသည်။

UNODCသည် သက်သေအထောက်အထားအခြေပြု အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ရန်နှင့် နိုင်ငံတော်သမာဓိစနစ်များ ခိုင်မာစေရန် မွန်တီနီဂရိုနိုင်ငံကို ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြိုးပမ်းမှုများသည် နိုင်ငံတကာ စံနှုန်းများ၊ UNCAC ပါအချက်များနှင့် ကိုက်ညီစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဘာသာပြန်သူ
ဒေါ်စုမြတ်နိုင်
လက်ထောက်ညွှန်ကြားရေးမှူး

Source - https://www.unodc.org/rosee/en/allstories/2026/unodc-supports-montenegro-in-finalizing-the-new-anti-corruption-action-plan-for-20262027.html



# "ယူကရိန်းနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဟောင်း နိုင်ငံမှထွက်ခွာရန် ကြိုးစားစဉ် ဖမ်းဆီးခံခဲ့ရ"

ယူကရိန်းနိုင်ငံမှ ထွက်ခွာရန် ကြိုးစားစဉ် စွမ်းအင်ဝန်ကြီးဟောင်း တစ်ဦး ဖမ်းဆီးခံခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ယခင်နှစ်က အဂတိလိုက်စားမှုအရှုပ်တော်ပုံတွင် ပါဝင်ခဲ့ပြီးနောက် အစိုးရအဖွဲ့မှ နုတ်ထွက်ရန် ဖိအားပေးခံခဲ့ရသော German Galushchenko သည် ယူကရိန်းမှ ထွက်ခွာလာသော ရထားပေါ်တွင် ဖမ်းဆီးခံခဲ့ရသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ဝန်ကြီးအနေဖြင့် မည်သည့်နေရာသို့ ခရီးသွားရန် ရည်ရွယ်ထားသည်ကို မသိရှိရသေးပေ။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၀၀ သန်း (ပေါင် ၇၅ သန်း) အလွဲသုံးစားမှုတွင် ပါဝင်ပတ်သက်နေသည်ဟု ယူဆရသော အစိုးရအရာရှိများစွာထဲမှ တစ်ဦးဖြစ်သည်။

အဆိုပါအရှုပ်တော်ပုံသည် ရုရှားနှင့်စစ်ပွဲမဖြစ်ကတည်းကပင် အကျင့်ပျက်ခြစားမှုကို အမြစ်ပြတ်ဖယ်ရှားရန် ကတိဖြင့် အာဏာရလာသည့် ယူကရိန်းသမ္မတ Volodymyr Zelensky ၏ အစိုးရကို လွှမ်းမိုးရန် ခြိမ်းခြောက်ခဲ့သည်။

စစ်ပွဲတစ်လျှောက်လုံး ၎င်း၏အနီးကပ်အကြံပေးဖြစ်သူ သမ္မတ၏ အရာရှိချုပ် Andriy Yermak သည် ၎င်း၏နေအိမ်ကို ရှာဖွေပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သမ္မတနှင့် Yermak နှစ်ဦးစလုံးသည် မည်သည့်အမှားအယွင်းမျှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရခြင်း မရှိပေ။

သို့သော် အဆိုပါအရှုပ်တော်ပုံသည် ယူကရိန်း၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် ၂၀၂၂ ခုနှစ်တွင် စစ်ပွဲစတင် ကတည်းက ရပ်ဆိုင်းထားသော ရွေးကောက်ပွဲများ ကျင်းပရန် အမေရိကန်ထံမှ ဖိအားများ တိုးပွားစေခဲ့သည်။

ယူကရိန်း အမျိုးသားအဆင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို (Nabu) က ၎င်းတို့၏စုံထောက် များသည် စွမ်းအင်ဝန်ကြီးဟောင်းအား ပြည်နယ်နယ်စပ်ကို ဖြတ်ကျော်နေစဉ် ဖမ်းဆီးခဲ့ကြောင်း ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။

ဖမ်းဆီးခံရသူမှာ Galushchenko ဖြစ်သည်ဟု တိတိကျကျ ဖော်ပြခြင်းမရှိသော်လည်း ထင်ရှားသော ယူကရိန်းမီဒီယာအဖွဲ့အစည်း များစွာက ဝန်ကြီးဟောင်းဖြစ်သည်ဟု ထင်ကြေးပေးကြသည်။

Galushchenko သည် Zelensky မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရာထူးမှနုတ်ထွက်ရန် ပြောကြားချိန်တွင် တရားရေးဝန်ကြီးအဖြစ် ခေတ္တ တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုရာထူးမတိုင်မီ သုံးနှစ်တာ စွမ်းအင်ဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏ဆက်ခံသူ Svitlana Hrynchuk သည်လည်း အဆိုပါအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက် ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယူကရိန်း အမျိုးသားအဆင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို (Nabu) သည် Galuschenko အား ဖမ်းဆီးမှုနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ထုတ်ပြန်နိုင်ခြင်းမရှိသော်လည်း သတင်းအချက် အလက်များကို Update ပြုလုပ်ပေးမည်ဟု ပြောကြားခဲ့သည်။

Radio Free Europe ၏ ဖော်ပြချက်အရ Galuschenko အား စစ်ဆေးမေးမြန်းအတွက် ကီယက်ဗ်သို့ ပို့ဆောင်ခဲ့သည်ဟုဆိုသည်။

"Midas" စစ်ဆင်ရေးဟုအမည်ပေးထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုသည် ၁၅ လကြာ စုံစမ်းစစ်ဆေးမှု၏ ပြီးဆုံးခြင်းဖြစ်ကြောင်း ယူကရိန်း အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို (Nabu)နှင့် အထူးအဂတိလိုက်စားမှု တိုက်ဖျက်ရေး ရှေ့နေရုံး (Sap) တို့က ပြောကြားခဲ့သည်။

အမျိုးသားနျူကလီးယားအော်ပရေတာ Energoatom အပါအဝင် ယူကရိန်း၏ စွမ်းအင်ကဏ္ဍတွင် ငွေကြေးအလွဲသုံးစားလုပ်ရန် အစီအစဉ်

တစ်ခုကို စီစဉ်ခဲ့သည်ဟု လူအများအပြားကို ယူကရိန်း အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို (Nabu)နှင့် အထူးအဂတိလိုက်စားမှု တိုက်ဖျက်ရေးရှေ့နေရုံး (Sap) တို့က စွပ်စွဲခဲ့ကြသည်။

Galushchenko သည် Enerhoatom ကန်ထရိုက်တာများထံမှ စာချုပ်တန်ဖိုး၏ ၁၀% မှ ၁၅% အထိ တန်ဖိုးရှိသော လာဘ်ငွေများကို စနစ်တကျစုဆောင်းခဲ့သည်ဟု စွပ်စွဲခံရသူများစာရင်းတွင် ပါဝင်ခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများကလည်း အဆိုပါအစီအစဉ်တွင် များပြားလှသော ငွေများကို ခဝါချခဲ့ကြောင်း ပြောကြားခဲ့ပြီး ငွေသားအိတ်များပြည့်နေသော ဓာတ်ပုံများကို ထုတ်ဝေခဲ့သည်။ ထို့နောက် ရန်ပုံငွေများကို ရုရှားအပါအဝင် ယူကရိန်းနိုင်ငံ ပြင်ပသို့ လွှဲပြောင်း ပေးခဲ့သည်ဟု ယူကရိန်း အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို (Nabu) က ပြောကြားခဲ့သည်။

Galushchenko သည် ယခင်က အဆိုပါစွပ်စွဲချက်များကို ခုခံကာကွယ်မည်ဟု ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်ဟောင်း Oleksiy Chernyshov အား "တရားမဝင်ကြွယ်ဝမှု" ဖြင့် သံသယဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးခဲ့ပြီး ရာထူးအလွဲသုံးစားမှုဖြင့် တရားစွဲဆိုခံထားရပြီး ဖြစ်သည်။

Zelensky ၏ ယခင်ရုပ်မြင်သံကြားစတူဒီယို Kvartal95 ၏ ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်သူ စီးပွားရေးသမားဖြစ်သည့် Timur Mindich သည် သံသယရှိသူအဖြစ် သတ်မှတ်ခံရပြီးနောက် နိုင်ငံမှ ထွက်ပြေးသွားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ယူကရိန်း၏ စွမ်းအင်ကဏ္ဍမှ ၎င်းတို့ ကြွယ်ဝချမ်းသာ လာသည်ဟု စွပ်စွဲခံရခြင်းသည် ပြည်တွင်းတွင် အထူးဒေါသထွက်စေခဲ့ပြီး ရုရှားက ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာချိန်တွင် အဆိုပါအရှုပ်တော်ပုံ ပေါ်ပေါက်လာခဲ့သည်။

ဆိုဗီယက်ယူနီယံ အဖွဲ့ဝင်ဟောင်းသည် အဂတိလိုက်စားမှု ပြဿနာများကြောင့် ကြာမြင့်စွာ ဒုက္ခရောက်နေခဲ့သည်။

BBC

# Ukraine's ex-energy minister detained while attempting to leave country

15 February 2026

Share Save

Rachel Muller-Heyndyk



အဂတိလိုက်စားမှုကို နှိမ်နင်းခြင်းသည် ယူကရိန်းနိုင်ငံအနေဖြင့် EU သို့ ဝင်ရောက်ရန်အတွက် အဓိကလိုအပ်ချက်တစ်ခုအဖြစ် ရှုမြင်ကြသည်။

ဘာသာပြန်သူ
ဒေါ်စန္ဒာဝင်း
ဦးစီးအရာရှိ

Source - https://www.bbc.com/news/articles/c4g5380xwqjo

## "ဆားဘီးယားတွင် ထောင်နှင့်ချီသည့် ကျောင်းသားများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စုဝေးဆန္ဒပြကြခြင်း"

ဆားဘီးယားနိုင်ငံ၊ Novi Sad မြို့တွင် လူထောင်ပေါင်းများစွာ စုဝေးဆန္ဒပြခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများ ဦးဆောင်သည့် အဆိုပါလူထုဆန္ဒပြပွဲများသည် တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး၊ လက်ယာယိမ်း အမျိုးသားရေးဝါဒီ သမ္မတ Aleksandar Vucic လက်ထက်တွင် အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို ဆက်လက်တိုက်ဖျက်သွားမည်ဟု ကျောင်းသားများ က ကတိပြုထားသည်။

"သူခိုးများ" ဟု ကြွေးကြော်ဆန္ဒပြသူနေများသည် အစိုးရအား အကျင့်ပျက်ခြစားမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့ကြသည်။ စနေနေ့တွင် တက္ကသိုလ်ကျောင်းသားများက ဆားဘီးယားနိုင်ငံအား အကျင့်ပျက်ခြစားမှုမှ မည်သို့ဖယ်ရှားပြီး တရားဥပဒေစိုးမိုးရေးကို မည်သို့ပြန်လည်ထူထောင်ရမည်ကို အစီအစဉ်တစ်ခု ရေးဆွဲထားကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့သည် ဗူဆစ်ခေတ် (post-Vucic) အလွန် အစိုးရအတွက် ပထမခြေလှမ်းများအဖြစ် အကျင့်ပျက် ခြစားသော အရာရှိများကို နိုင်ငံရေး မှ ပိတ်ပင်ခြင်းနှင့် ၎င်းတို့၏ ချမ်းသာ ကြွယ်ဝမှုကို စုံစမ်းစစ်ဆေးခြင်းတို့ကို အဆိုပြုခဲ့ ကြသည်။ ဆန္ဒပြပွဲကို "အောင်ပွဲဆိုတာဘာလဲ" လို့ အမည်ပေးခဲ့ကြသည်။ ပြီးခဲ့သည့်လတွင် ကျောင်းသားများက သူတို့၏ ရွေးကောက်ပွဲယှဉ်ပြိုင်မှုကို ထောက်ခံသည့် အနေဖြင့် လူဦးရေ (၄၀၀,၀၀၀)ခန့် လက်မှတ်ရေးထိုးထောက်ခံသည့် အချက်အလက်များကို စုဆောင်းရရှိခဲ့သည်ဟု ပြောကြားခဲ့ပါသည်။

နောက်ထပ် ဆန္ဒပြပွဲကို ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ဆားဘီးယားနိုင်ငံ၏ မြို့တော် ဘဲလ်ဂရိတ် (Belgrade) မှာ ပြုလုပ်ရန် စီစဉ်ထားသည်ဟု ဆန္ဒပြပွဲစီစဉ်သူတွေက ပြောကြားခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် မြောက်ပိုင်းမြို့တစ်မြို့မှာ ဖြစ်ပွားခဲ့သည့် ရထားဘူတာရုံ

မတော်တဆမှုကြောင့် လူ ၁၆ ဦး သေဆုံးခဲ့ရပြီးနောက်ပိုင်း၊ အဆိုပါ ဖြစ်ရပ်သည် အမြစ်တွယ်နေသည့် အဂတိလိုက်စားမှု၏ သင်္ကေတတစ်ခု ဖြစ်လာခဲ့ပြီး ဆားဘီးယားနိုင်ငံတစ်ဝန်းမှာ ကျောင်းသားများ ဦးဆောင် သည့် ဆန္ဒပြပွဲများ ပုံမှန်ဖြစ်ပွား နေခဲ့ခြင်း ဖြစ်ပါသည်။



အဆိုပါ ပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဝန်ကြီးဟောင်း ဂိုရန် ဗီဆစ် (Goran Vesic) အပါအဝင် လူ (၁၃) ဦးကို ရာဇဝတ်မှုဖြင့် စွဲချက်တင်ခဲ့သည်။ သို့သော် လွန်ခဲ့သည့်လက နိုဗီဆာ့ဒ် (Novi Sad) အဆင့်မြင့်တရားရုံးသည် အထောက်အထား မလုံလောက်မှုကြောင့် ဗီဆစ်အပေါ် စွဲဆိုထားသည့် အမှုများကို ပယ်ချခဲ့သည်။ အဆိုပါ စီမံကိန်း တွင် ဥရောပသမဂ္ဂ၏ ရန်ပုံငွေများကို အလွဲသုံးစားလုပ်ခဲ့သည့် ဖြစ်နိုင်ခြေနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှုနှင့်အတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သီးခြားစုံစမ်းစစ်ဆေးမှု တစ်ခုကိုလည်း ဆက်လက် လုပ်ဆောင် လျက်ရှိသည်။

နိုဗီဆာ့ဒ် (Novi Sad) မြို့ရှိ မီးရထားဘူတာရုံခေါင်မိုး ပြိုကျမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူပေါင်းသောင်းနှင့်ချီ၍ စုရုံးခဲ့ကြပြီး၊ အဆိုပါ ဝမ်းနည်းဖွယ် ဖြစ်ရပ်တွင် သေဆုံးခဲ့ရသူ ၁၆ ဦးအတွက် ၁၆ မိနစ်ကြာ တိတ်ဆိတ်စွာ ဂုဏ်ပြုခဲ့ကြသည်။ ဘူတာရုံ ပြိုကျမှုနှင့် ပတ်သက်သည့် ဆန္ဒပြမှုများကြောင့် ဝန်ကြီးချုပ် နုတ်ထွက်ခြင်း၊ အစိုးရအဖွဲ့ ဖျက်သိမ်းခြင်းနှင့် အစိုးရသစ် ဖွဲ့စည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ရသည်။ သို့သော်လည်း ဗူချစ် (Vucic) ကမူ ရာထူးမှ နှုတ်မထွက်ပဲ ဆက်လက်တာဝန်ယူထားဆဲဖြစ်သည်။

ဗူချစ် (Vucic) သည် အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး ဆန္ဒပြသူများကို ပြည်ပမှ ရန်ပုံငွေရယူကာ အာဏာသိမ်းရန် ကြံစည်သူများဟု အမြဲလိုလို ပြောဆိုလေ့ရှိသည်။ တစ်ဖက်တွင်လည်း ၎င်း၏ SNS ပါတီဝင်များက မီးရထားဘူတာရုံခေါင်မိုး ပြိုကျမှုမှာ စနစ်တကျ စီစဉ်ထားသော တိုက်ခိုက်မှုတစ်ခု ဖြစ်နိုင်ကြောင်း ပြောဆိုခြင်းဖြင့် လုပ်ကြံဖန်တီးမှုများကိုလည်း ပြုလုပ်ခဲ့သည်။ ဗူချစ်သည် ကျောင်းသားများ တောင်းဆိုထားသည့် ရွေးကောက်ပွဲ ကျင်းပပေးမည့် အစီအစဉ်ကို ငြင်းပယ်ထားသည်။ ထို့အပြင် အစိုးရကို ဆန့်ကျင်သူ ရာပေါင်းများစွာမှာ ဖမ်းဆီးခံခဲ့ရခြင်း၊ အလုပ်အကိုင်ဆုံးရှုံးရခြင်း သို့မဟုတ် ဖိအားပေးခံရခြင်းများ ကြုံတွေ့နေရကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ဗူချစ် (Vucic) သည် လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ဆားဘီးယား နိုင်ငံကို ဥရောပသမဂ္ဂ (EU) ထဲသို့ ခေါ်ဆောင်သွားမည်ဟု ကတိပြုရင်း အာဏာရရှိခဲ့သည်။ သို့သော်လည်း ထိုအချိန်မှစ၍ ဗူချစ် (Vucic) သည် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ခဲ့ပြီး၊ ဆားဘီးယားနိုင်ငံ၏ ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ကန့်သတ်ခြင်း နှင့် အဂတိလိုက်စားမှု ကျူးလွန်သော ရာဇဝတ်မှုများကို ကြီးထွားလာစေခြင်း စသည့် စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။ လက်ရှိ

ကျောင်းသားလှုပ်ရှားမှုသည် အဓိကအားဖြင့် နိုင်ငံရေးသမား များအပေါ် စိတ်ပျက်နေကြသည့် ဆားဘီးယားပြည်သူများကြားတွင် ကြီးမားသော ထောက်ခံမှုများ ရရှိထားသည်။ ဗူချစ်ကမူ အဆိုပါ ကျောင်းသားများသည် "ဆားဘီးယားကို ဖျက်ဆီးရန်" အတွက် အနောက်နိုင်ငံများ၏ တိကျစွာ မဖော်ပြထားသော အမိန့်ညွှန်ကြားချက်များအတိုင်း လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း စွပ်စွဲထားသည်။

ဘာသာပြန်သူ
ဒေါ်ဖြိုးဖြိုး
ဦးစီးအရာရှိ

Source - https://www.aljazeera.com/news/2026/1/18/thousands-rally-in-serbia-as-students-continue-fight-against-corruption



## “ယူကရိန်းဝန်ကြီးဟောင်းတစ်ဦး နိုင်ငံမှထွက်ခွာရန်ကြိုးပမ်းနေစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်များက ဖမ်းဆီး”

ယူကရိန်းစွမ်းအင်ဝန်ကြီးဟောင်းတစ်ဦးသည် နိုင်ငံမှထွက်ခွာရန် ကြိုးပမ်းနေစဉ် အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့်တိုက်ရိုက် ဆက်စပ်ပါဝင်နေ၍ ဖမ်းဆီးခံခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို (National Anti-Corruption Bureau of Ukraine-NABU) က ၎င်းတို့၏ စုံထောက်များသည် “Midas အမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စွမ်းအင်ဝန်ကြီးဟောင်းကို ဖမ်းဆီးခဲ့ကြောင်း” ပြောကြားခဲ့ပြီး လွန်ခဲ့သည့်နှစ်က အဓိကနိုင်ငံရေး အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သော ယူကရိန်းစွမ်းအင်ကဏ္ဍတွင် အဂတိလိုက်စားမှုဆိုင်ရာ ကျယ်ပြန့်သောစုံစမ်းစစ်ဆေးမှုကို ရည်ညွှန်းသည်။

“ဥပဒေလိုအပ်ချက်များနှင့်အညီ ကနဦးစုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။” ဟု NABU က ကြေညာချက်တစ်စောင်တွင် ယခင်ဝန်ကြီး၏အမည်ကို မဖော်ပြဘဲ ထပ်လောင်း ပြောကြားခဲ့သည်။

အရေးပါသောစွမ်းအင်အခြေခံအဆောက်အအုံများကို ကာကွယ်ရန် လုပ်ဆောင်နေသူများ အပါအဝင် ကန်ထရိုက်တာများထံမှ လာဘ်ငွေများရယူခဲ့သည်ဟု စွပ်စွဲခံရသော အရှုပ်တော်ပုံကြောင့် တာဝန်ထမ်းဆောင်ဆဲနှင့် ယခင်စွမ်းအင်ဝန်ကြီးနှစ်ဦးစလုံးသည် သမ္မတ Volodymyr Zelensky ၏ တောင်းဆိုချက်အရ ပြီးခဲ့သည့်နှစ်က ရာထူးမှ နုတ်ထွက်ခဲ့ကြသည်။ နှစ်ဦးစလုံး သည် ၎င်းတို့အနေဖြင့် အမှားအယွင်း ကျူးလွန်မှုမရှိကြောင်း ငြင်းဆိုခဲ့ကြသည်။

သမ္မတ၏ အရာရှိချုပ် Andriy Yermak သည်လည်း ယင်းပြဿနာ၏ နောက်ဆက်တွဲ အကျိုးဆက်များကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယူကရိန်း၏နျူကလီးယားဓာတ်အားပေးစက်ရုံများကို လည်ပတ်နေသော Energoatom အပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အဓိကနေရာများတွင် လုံခြုံရေးတိုးမြှင့်ရန် လုပ်ဆောင်ခဲ့သော လုပ်ငန်းများအတွက် ကုမ္ပဏီများကို ငွေပေးချေခြင်းဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ခိုးယူခံခဲ့ရကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

ထိုအချိန်က ယူကရိန်း၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပိုင်ဆိုင်မှုများကို ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ယူကရိန်းတွင် အဂတိလိုက်စားမှု စွပ်စွဲချက်များသည် အသစ်အဆန်း မဟုတ်ပေ။ ၂၀၂၃ ခုနှစ်မှစ၍ NABU သည် အရှုပ်တော်ပုံ များစွာကို စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ယူကရိန်းလုံခြုံရေးဝန်ဆောင်မှု (Sluzhba Bezpeky Ukrayiny -SBU) က နိုင်ငံ၏စစ်တပ်မှ လက်နက်များ ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာ သန်း ၄၀ နီးပါးတန်ဖိုးရှိသော အဂတိလိုက်စားမှုများစွာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘာသာပြန်သူ
ဒေါ်နန်းမြကြာခြည်
ဒုတိယညွှန်ကြားရေးမှူး

Source - [https://www.yahoo.com/news/articles/former-ukrainian-minister-detained-anti-154229291.html](https://www.yahoo.com/news/articles/former-ukrainian-minister-detained-anti-154229291.html)

အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည်

# “မလေးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်”

မလေးရှားနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဝယ်ယူရေး ကွင်းဆက်များတွင် အဂတိလိုက်စားမှုနှင့် အဂတိလိုက်စားမှု စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ယခင်လအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို ပိုမိုအရှိန်မြှင့်တင်လာခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေး ရန်ပုံငွေအလွဲသုံးစားပြုမှုနှင့် မလျော်ကန်သောအပြုအမူများအပေါ် စုံစမ်းစစ်ဆေးမှုများမှ တစ်ဆင့် ဖော်ထုတ်ခဲ့သည်။ ဇန်နဝါရီ ၁၆ ရက်တွင် မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က မလေးရှားလက်နက်ကိုင် တပ်ဖွဲ့များနှင့် စုံစမ်းစစ်ဆေးမှုနှင့် ဆက်စပ်နေသော ရဲတပ်ဖွဲ့ဝင်များ၏ ဝယ်ယူရေးဆုံးဖြတ်ချက်များကို စည်းမျဉ်းသစ်များအပေါ် အပြည့်အဝ လိုက်နာသည်အထိ ယာယီရပ်ဆိုင်းထားမည်ဟု ကြေညာခဲ့သည်။ ဝယ်ယူရေးဆုံးဖြတ်ချက် အားလုံးကိုလည်း အစိုးရက ပြန်လည်သုံးသပ်မည်ဖြစ်သည်။

အစိုးရသည် ဂိုဏ်းခေါင်းဆောင်ဟုယူဆရသူများကို ဖော်ထုတ်ဖမ်းဆီးရန် လုပ်ဆောင်ခဲ့သည်။ ဇန်နဝါရီ ၂၁ ရက်တွင် မလေးရှား နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC) သည် စစ်ဦးစီးချုပ်ဟောင်း မူဟာမက်ဟာဖီဇုဒီအင်ဂျန်တန်အား ငွေကြေးခဝါချမှု ဥပဒေကို ချိုးဖောက်မှုဖြင့် အရေးယူခဲ့သည်။ တစ်ချိန်တည်းမှာပင်၊ တပ်မတော် အကြီးအကဲဟောင်းမိုဟာမက်နီဇမ်ဂျက်ဖာအားအာဏာ အလွဲသုံးစားပြုမှု၊ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးချိုးဖောက်မှုနှင့် တံစိုးလက်ဆောင်ရယူမှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

ယခင်လက တပ်မတော်ဝယ်ယူရေးစီမံကိန်းများနှင့် ဆက်စပ်နေသော လာဘ်ပေးလာဘ်ယူမှု စွပ်စွဲချက်များကို MACC မှ စုံစမ်း စစ်ဆေးပြီးနောက် မကြာမီတွင် ထိုစွဲချက်များ ထွက်ပေါ်လာခဲ့သည်။ ဟာဖီဇုဒီအင်

ကို ဒီဇင်ဘာလတွင် ခွင့်ယူစေခဲ့ပြီး နီဇမ်သည် ဇန်နဝါရီလအစောပိုင်းတွင် အငြိမ်းစား ယူခဲ့သည်။ မလေးရှားနိုင်ငံသည် စနစ်တကျ အမြစ်တွယ် နေသော အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုများကို ဆက်လက် ရင်ဆိုင် နေရသည်နှင့်အမျှ ဝယ်ယူရေးစီမံကိန်းများအပေါ် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သည်။ မလေးရှား ၏ ကာကွယ်ရေးဆိုင်ရာ ရှုပ်ထွေးမှုတွင် အဂတိလိုက်စားမှုစွပ်စွဲချက် အသစ်များသည်နိုင်ငံ၏နိုင်ငံတကာပုံရိပ်အတွက် နောက်ထပ်ထိုးနှက် ချက် တစ်ခုဖြစ်သည်။




ဤအရှုပ်တော်ပုံများသည် အဆင့်မြင့်အရာရှိကြီးများ၏ အဂတိ လိုက်စားမှု နာမည်ဆိုးကို ဖျောက်ဖျက် နိုင်ရန် မလေးရှား အစိုးရအနေဖြင့် ရုန်းကန်နေရခြင်းကို မီးမောင်းထိုးပြနေသည်။ ၎င်း၏ အဆိုးရွားဆုံး အဂတိလိုက်စားမှု အရှုပ်တော်ပုံဖြစ်သော 1Malaysia Development Berhad (1MDB) သည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏ ယုံကြည်စိတ်ချရမှုကို ထိခိုက်စေခဲ့သည်။ ၁၁ နှစ်အကြာတွင် နိုင်ငံသည် ထိုအမွေဆိုးကို

ဆက်လက်ကိုင်တွယ်ဖြေရှင်းနေသည်။ မလေးရှားနိုင်ငံရေးတွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်သည် 1MDB တွင် ပါဝင်ပတ်သက်မှုကြောင့် ပေါ်ပေါက်လာသော ယခင်ကျူးလွန်မှု များအတွက် ထောင်ဒဏ်ခြောက်နှစ် ကျခံနေရပြီးဖြစ်သည်။ ၎င်းသည် နိုင်ငံတော်မှပိုလျှံသော ဘဏ္ဍာငွေများကို ရင်းနှီးမြှုပ်နှံရန် စုဆောင်းထား သော ရန်ပုံငွေမှ ဒေါ်လာ ၅၇၀ သန်း ခန့်ကို အလွဲသုံးစားပြုခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် မလေးရှား တရားရုံးများက ၎င်းအား နောက်ထပ် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ပြီး အာဏာအလွဲသုံးစားမှုနှင့် ငွေကြေးခဝါချမှုတို့အတွက် ဒဏ်ငွေ ဒေါ်လာ ၂.၈ ဘီလီယံ ချမှတ်ခဲ့သည်။

နာဂျစ်အပေါ် ထပ်တိုးပြစ်ဒဏ်များ ချမှတ်ပြီးနောက် တက်ကြွ လှုပ်ရှားသူများက အစိုးရအား နောက်ထပ် 1MDB အရှုပ်တော်ပုံများကို ကာကွယ်ရန် ရေရှည်တည်တံ့သော အဖွဲ့အစည်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။ မလေးရှားနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်မှုတွင် တိုးတက် မှုများ ရရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး အညွှန်းကိန်းတွင် ၁၀၀ မှတ်တွင် ၅၀ မှတ်သာ ရရှိနေဆဲဖြစ်သည်။ အရှုပ်တော်ပုံများ ဆက်လက်ပေါ်ပေါက်လာခြင်းသည် လူထုယုံကြည်မှုကို လျော့ကျလာစေမည်ဖြစ်သည်။ အဆိုပါအရှုပ်တော်ပုံများသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် မလေးရှား၏ဂုဏ်သတင်း ကိုလည်း ထိခိုက်စေပြီး အစိုးရမှဆွဲဆောင်ရန် အလွန်ကြိုးစားခဲ့သော ရင်းနှီးမြှုပ်နှံမှုများတွင်လည်း အတားအဆီးဖြစ်နိုင်သည်။ ပြည်တွင်းတွင် မလေးရှား လူမျိုးများသည် အန်ဝါအစိုးရထံမှ ပိုမိုတောင်းဆိုနေကြသည်။ ၂၀၂၆ ခုနှစ်တွင် ဂျိုဟောနှင့် မလကာတွင် ပြည်နယ်ရွေးကောက်ပွဲများနှင့် ၂၀၂၈ ခုနှစ်အစောပိုင်းတွင် အမျိုးသားရွေးကောက်ပွဲများကို ရင်ဆိုင်ရသောကြောင့် အန်ဝါနှင့် ၎င်း၏ အာဏာရ ညွန့်ပေါင်းအစိုးရအတွက် လူထုထောက်ခံမှုရရှိရေးနှင့်

ရွေးကောက်ပွဲကတိများကို ဖြည့်ဆည်းပေးခြင်းသည် အလွန်အရေးကြီးလာမည်ဖြစ်သည်။

ဘာသာပြန်သူ
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

Source - [https://www.csis.org/blogs/latest-southeast-asia/latest-southeast-asia-malaysias-anti-corruption-drive-continues](https://www.csis.org/blogs/latest-southeast-asia/latest-southeast-asia-malaysias-anti-corruption-drive-continues)



“ဘဝခရီးလမ်း မတိမ်းစောင်းစေဖို့ အဂတိလိုက်စားမှုများကို ငြင်းပယ်ကြပါစို့”

# “တရုတ်ဘောလုံးလောကအတွင်း အဂတိလိုက်စားမှုများကြောင့် လူပေါင်း ၇၃ ဦးအား ဘောလုံးလောကမှ တစ်သက်တာပိတ်ပင်၊ ထိပ်တန်း ကလပ်အသင်းများကိုလည်း အရေးယူ”

တရုတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် Chinese Super League (CSL) တွင် လုပ်ပွဲ (match-fixing) နှင့် အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ Chinese Football Association (CFA) သည် လူပေါင်း ၇၃ ဦးအား ဘောလုံးအားကစားလောကမှ တစ်သက်တာပိတ်ပင်ခြင်း ပြုလုပ်ခဲ့ပြီး ထိပ်တန်း ပရော်ဖက်ရှင်နယ် ဘောလုံးအသင်း ၁၃ သင်းအားလည်း အရေးယူဒဏ်ခတ်လိုက်ကြောင်း ဇန်နဝါရီလ ၂၉ ရက် (ကြာသာပတေး နေ့) ကကြေညာခဲ့သည်။ အရေးယူမှုများသည် ဘောလုံးလောက အတွင်း အဂတိလိုက်စားမှုကို သည်းမခံသော zero-tolerance policy ကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့အစည်းအတွင်း စည်းကမ်း လိုက်နာမှုကို အားပေးမြှင့်တင်ရန်နှင့် တရားမျှတသော ယှဉ်ပြိုင်မှုကို ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း CFA က ဖော်ပြထားသည်။ အဆိုပါ လုပ်ပွဲများ ဖြစ်ပွားခဲ့သည့် အချိန်ကာလနှင့် ဖြစ်ပွားခဲ့ပုံ အသေးစိတ်များကို ဖော်ပြခဲ့ခြင်း မရှိခဲ့ပေ။

ထိုကဲ့သို့ ပြင်းထန်သည့်အရေးယူမှုများ၏ နောက်ကွယ်တွင် တရုတ်ကွန်မြူနစ်ပါတီ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဖြစ်သော ပါတီဗဟိုစည်းကမ်းထိန်းသိမ်းရေးကော်မရှင် (Central Commission for Discipline Inspection_CCDI) ၏ တိကျပြတ်သားသော စုံစမ်းစစ်ဆေးမှု များက အဓိကမောင်းနှင်အားအဖြစ် တည်ရှိနေပါသည်။ CCDI သည် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ဘောလုံးအဖွဲ့ချုပ်အတွင်းသို့ အထူးစစ်ဆေးရေး အဖွဲ့များ စေလွှတ်ကာ ၂၀၁၀ ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ ဆယ်စုနှစ် တစ်ခုကျော် ကြာကာလအတွင်း တရုတ်ဘောလုံးလောက၌ ဖြစ်ပွားခဲ့သည့် လာဘ်ပေး လာဘ်ယူမှုများကို ဒစ်ဂျစ်တယ်မှုခင်းဗေဒနှင့် ငွေကြေးစီးဆင်းမှု

လမ်းကြောင်းများမှတစ်ဆင့် စနစ်တကျ ဖော်ထုတ်နိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုရလာဒ်များအရ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သည့် တရုတ်အမျိုးသား ဘောလုံးအသင်း၏ နည်းပြချုပ်ဟောင်းဖြစ်သူ Li Tie အား လက်ရွေးစင် နည်းပြဖြစ်ရန် လာဘ်ထိုးခြင်း၊ စူပါလိဂ်ပွဲစဉ်များတွင် လုပ်ပွဲ ကစားရန် ယူရို ၁၅ သန်းကျော် လက်ခံခြင်းတို့အတွက် ထောင်ဒဏ် ၂၀ နှစ် နှင့် CFA ဥက္ကဋ္ဌဟောင်းဖြစ်သူ Chen Xuyuan ကိုလည်း ရာထူးကို အသုံးပြု၍ စီမံကိန်းကန်ထရိုက်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြိုင်ပွဲစီစဉ်မှုများတွင် ဒေါ်လာ ၁၁ သန်းကျော် လာဘ်ယူခြင်းတို့အတွက် ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

ယခု ၂၀၂၆ ခုနှစ်တွင် ထွက်ပေါ်လာသည့် တစ်သက်တာပိတ်ပင်မှုများ သည် CCDI ၏ စနစ်တကျ ပြန်လည်စိစစ်မှု (Systematic Review) အပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ၎င်းတို့ နှစ်ဦးနှင့်အတူ အခြားဘောလုံးလောကမှ ၇၁ ဦးအား Chinese Football Association (CFA) ဘောလုံးနှင့်ဆက်နွှယ်သည့် လှုပ်ရှားမှုအားလုံးမှ တစ်သက်တာ ပိတ်ပင်ခြင်း အပါအဝင် ပြင်းထန်သော အရေးယူဒဏ်ခတ်မှုများ ချမှတ်လိုက်ကြောင်း ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသင်းအလိုက် အရေးယူမှုများအနေဖြင့် ၂၀၂၅ ခုနှစ် Chinese Super League (CSL) တွင် ယှဉ်ပြိုင်ခဲ့သည့် အသင်း ၁၆ သင်းအနက် ၁၁ သင်းအား အမှတ်လျှော့ချခြင်းနှင့် ဒဏ်ငွေ ချမှတ်ခြင်းများ ပြုလုပ်ခဲ့သည်။ အထူးသဖြင့် Shanghai Shenhua နှင့် Tianjin Jinmen Tigers အသင်းတို့သည် လုပ်ပွဲကစားမှုများတွင် အဓိကပါဝင်ပက်သက်ခဲ့မှုကြောင့် ၂၀၂၆ ရာသီသစ်ကို ရမှတ် (၁၀) မှတ် လျှော့ချမှုဖြင့် စတင်ရမည်ဖြစ်ပြီး ဒဏ်ငွေ ယွမ် ၁ သန်း ဒဏ်ငွေချမှတ်ခြင်းခံရပြီး လတ်တလော သုံးရာသီ ဆက်တိုက် ချန်ပီယံဖြစ်ထားသည့် Shanghai Port အသင်းနှင့် Beijing Guoan အသင်းတို့ကို အမှတ် ၅ မှတ် လျှော့ချခြင်းနှင့် ယွမ် ၄ သိန်းစီ ဒဏ်ငွေ

ချမှတ်ခဲ့ကြောင်း CFA က ထုတ်ပြန်ခဲ့သည်။ ယင်းအရေးယူမှု ကြောင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် စတင်မည့် CSL ရာသီသစ်တွင် အသင်း ၉ သင်းသည် အမှတ်အနုတ်ဖြင့် စတင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

တရုတ်ဘောလုံးလောကအနေဖြင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တရုတ်အစိုးရနှင့် ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများဖြင့် ကမ္ဘာ့အဆင့်မီစေရန် ကြိုးပမ်းခဲ့မှုများကြောင့် တဟုန်ထိုး တိုးတက်ခဲ့ပြီး ၎င်းအချိန်ကို Chinese Super League (CSL) ၏ ရွှေခေတ်ဟု ခေါ်ဆိုနိုင်ခဲ့သည်။ ထိုစဉ်က ချဲလ်ဆီးအသင်းမှ Oscar၊ ဘရာဇီးလ် ကြယ်ပွင့် Hulk နှင့် ကမ္ဘာ့လစာ အများဆုံး ကစားသမားဖြစ်ခဲ့သူ Carlos Tevez ကဲ့သို့သော ကမ္ဘာကျော် ကစားသမားများကို လုပ်ခလစာ အဆမတန်ပေး၍ ခေါ်ယူခဲ့ကြသည်။ အောင်မြင်မှု မှတ်တိုင်အဖြစ် Guangzhou Evergrande အသင်းသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အာရှချန်ပီယံလိဂ် (AFC Champions League) ဖလားကို နှစ်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သဖြင့် တရုတ်ဘောလုံး လောကသည် ကမ္ဘာ့အဆင့်သို့ ရောက်ရှိရန် ခြေလှမ်းပြင်နိုင်ခဲ့သည်။ သို့သော် အပေါ်ယံတွင် အောင်မြင်နေပုံရသော်လည်း အတွင်းပိုင်း၌ စနစ်မကျမှုများနှင့် မသမာမှုများက တဖြည်းဖြည်း အမြစ်တွယ် နေခဲ့သည်။

CFA က “ဘောလုံးလောကအတွင်း စည်းကမ်းချိုးဖောက်မှုများကို လုံးဝ မလျှော့ပေါ့ဘဲ သည်းခံမှုမရှိသည့် မူဝါဒဖြင့် ဆက်လက်စုံစမ်း အရေးယူသွားမည်” ဟု အလေးထား ပြောကြားခဲ့သည်။

ယခုအချိန်တွင် တရုတ်နိုင်ငံ၏ ပရော်ဖက်ရှင်နယ်ဘောလုံး အသင်းအများအပြားမှာလည်း ဘဏ္ဍာရေး အခက်အခဲများနှင့် ရင်ဆိုင်နေရလျက်ရှိပြီး CSL သမိုင်းတွင် အအောင်မြင်ဆုံးအသင်း ဖြစ်သည့် Guangzhou FC အသင်းသည် ရာသီသစ်အတွက် အကြွေးများကို အချိန်မီ မဆပ်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် အသင်းဖျက်သိမ်းခဲ့ရသည်။

သမ္မတ ရှီကျင့်ဖျင်သည် ဘောလုံးဝါသနာရှင်တစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်နှင့် တစ်နေ့တွင် ကမ္ဘာ့ဖလားအား ဆွတ်ခူးအရယူရန် အိပ်မက်ရှိသည်ဟု ပြောကြားဖူးသည်။ သို့သော်လည်း ယခုနှစ်နွေရာသီတွင် ကနေဒါ၊ မက္ကဆီကို နှင့် အမေရိကန်တို့၌ ကျင်းပမည့် ကမ္ဘာ့ဖလားအတွက် တရုတ် နိုင်ငံသည် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်း မရှိပေ။




တရုတ်ဘောလုံးလောက၏ အဂတိလိုက်စားမှုအကျိုးဆက်သည် အဖွဲ့အစည်းတစ်ခု၏ ပြိုလဲမှုတင်မကဘဲ နိုင်ငံတစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု နှင့် ဂုဏ်သိက္ခာကိုပါ မည်မျှအထိ ထိခိုက်စေနိုင်ကြောင်း ပြသသည့် သာဓကတစ်ခုပင် ဖြစ်သည်။

ဘာသာပြန်သူ
ဦးချမ်းငြိမ်းသူ
ဦးစီးအရာရှိ

Source - [https://asianews.network/corruption-scandal-in-chinese-football-yet-another-own-goal-in-national-ambitions-to-be-a-powerhouse/](https://asianews.network/corruption-scandal-in-chinese-football-yet-another-own-goal-in-national-ambitions-to-be-a-powerhouse/)